မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၁၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၆၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရတနာဆင်ဖြူတော် ဇာတကလျာ၏ ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်၍ ပရိတ်နှံ့သာရည်များ ပက်ဖျန်းပေး

နေပြည်တော် မတ် ၁၄

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက် ဝဏ္ဏကုံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဥယျာဉ်၌ ရတနာဆင်ဖြူတော် ဘဒ္ဒဝတီက ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ပေါက်ဖွားခဲ့သော ရတနာဆင်ဖြူတော် ဇာတကလျာသည် အသက်သုံးလပြည့်ခဲ့ပြီး ဖြစ်သည်။ နေပြည်တော်တွင် ပေါက်ဖွား၍ ရတနာဆင်ဖြူတော် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောကြောင့် ဆင်ဖြူတော် ဇာတကလျာဟု အမိပွာယ်ဖော်ဆောင်သည့် ရတနာဆင်ဖြူတော်လေးသည် မိခင်ဆင်မကြီး ဘဒ္ဒဝတီနှင့်အတူ ဆင်ဖြူတော်ဥယျာဉ်အတွင်း ကျန်းမာရွှင်လန်းစွာ သွားလာပျော်မြူးနေသည်မှာ ကြည့်ရှုရသူတိုင်းအဖို့ ကြည်နူးပီတိဖြစ်ကြရပေသည်။



တက်ရောက်ချီးမြှင့်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက် ဝဏ္ဏကုံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်၌ကျင်းပသည့် ရတနာဆင်ဖြူတော် ဇာတကလျာ၏ ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တက်ရောက်ချီးမြှင့်

ရတနာဆင်ဖြူတော် ဇာတကလျာ၏ ဘွဲ့နာမံတော် အမည်ပေး ကင်ပွန်းတပ်နှင့် အဆောင်တော်တက် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက် ဝဏ္ဏကုံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ချီးမြှင့်၍ ပရိတ်နှံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် ရတနာဆင်ဖြူတော်ဆောင် သတ်မှတ်နေရာ၌ နေရာယူကြပြီး ကကြိုးတန်ဆာများ ဆင်ယင်ထားသည့် ရတနာဆင်ဖြူတော် ဇာတကလျာအား ရတနာနဝရတ်ကိုးသွယ် အဆင်တန်ဆာကို ဦးကင်းထက်တွင် ဆင်မြန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရတနာဆင်ဖြူတော် ဇာတကလျာအား တရော်ကင်ပွန်းရည်များဖြင့် သန့်စင်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

မိုးမြင့်လင်းလက် – ရေးသားသည်

ကမ္ဘာ့အမြန်ဆုံးပြေးနိုင်သည့် စက်ရုပ်ထုတ်လုပ်



နယူးယောက် မတ် ၁၄

ကမ္ဘာ့အမြန်ဆုံးပြေးနိုင်သည့် စက်ရုပ်အမျိုးအစားသစ်ကို အမေရိကန် စစ်ဘက်သုတေသနပညာရှင်များက တီထွင်ထုတ်လုပ်လိုက်ကြောင်း မတ် ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။

ချီတက်ဟုအမည်ပေးထားသော ၄င်းစက်ရုပ် ***(အပေါ်ယာပုံ)*** *သည် တစ်နာရီလျှင် ၁၈ မိုင်နှုန်း ပြေးနိုင်ရာ ယခင်က တစ်နာရီ ၁၃ ဒသမ ၁ မိုင်နှုန်းဖြင့်ပြေးနိုင်သည့် စက်ရုပ်ထက် ပိုမိုလျင်မြန်စွာပြေးနိုင်၍ ကမ္ဘာ့အပြေး အမြန်ဆုံးစက်ရုပ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ အဆိုပါ စက်ရုပ်များကို အမေရိကန်စစ်ဘက်သုတေသနပညာရှင်များနှင့် မက်ဆာချူးဆက်စ် စက်ရုပ်ကုမ္ပဏီ ဘော်စတွန်ဒိုင်နမစ်တို့က ပိုမိုကောင်းမွန်သော ဒီဇိုင်းများဖြင့် ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်သည်။ ထိုသို့ထုတ်လုပ်ရန် လေးနှစ်စီမံကိန်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။*

ယင်းစက်ရုပ်အမျိုးအစားများကို တိုက်ခိုက်ရေးလုပ်ငန်းများတွင် အထောက်အကူပေးနိုင်ရန်အတွက်နှင့် အခြားလုပ်ငန်းများ၌ ထိရောက်သော အကူအညီများပေးနိုင်ရန်အတွက် ထုတ်လုပ်ခြင်းဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ ***(အင်တာနက်)***

အာကာသယာဉ်နှင့် ဂြိုဟ်တုများ ဘေးကင်းစေမည့်စနစ် ရုရှားပြုလုပ်မည်

မော်စကို မတ် ၁၄

အာကာသအတွင်း၌ အာကာသယာဉ်များ၊ ဂြိုဟ်တုများနှင့် ဥက္ကာခဲအပိုင်းအစများ တစ်ခုနှင့်တစ်ခု ထိခိုက်မှုမရှိစေရန်အတွက် အလိုအလျောက် ကြိုတင်သတိပေးမှုစနစ်ကို ရုရှားနိုင်ငံက အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ သန်း အကုန်အကျခံကာ တည်ဆောက်မည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက မတ် ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ အလိုအလျောက် ကြိုတင်ကာကွယ်ရေးစနစ်သည် အာကာသယာဉ်နှင့် ဂြိုဟ်တုများ အနီး ဘေးအန္တရာယ်ဖြစ်စေမည့် အနေအထားဖြစ်ပေါ်လာပါက ကြိုတင်သတိပေးချက် ထွက်ပေါ်မည်ဖြစ်ပြီး

စာမျက်နှာ ၁၀ ကော်လံ ၅ ○

မြန်မာ့အလင်း သတင်းအညွှန်း

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပ စာ–၆

ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပ စာ–၈၊ ၉၊ ၁၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာနှင့် ကျောက်ဆည်မြို့နယ်တို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ စာ–၇

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မတ်လ ၁၅ ရက်)

ဈေးများမီးဘေးလုံခြုံရေး အစဉ်သတိပြု

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုများကို လေ့လာကြည့်လျှင် ဈေးများမီးလောင်မှုများသည် ဆုံးရှုံးမှုတန်ဖိုး အလွန်များပြားသည်ကို တွေ့ရပေသည်။ လွန်ခဲ့သောနှစ်များအတွင်း ဈေးကြီးများ မီးလောင်မှုဖြစ်ပွားခဲ့သည်ကို သတိပြုမိ၏။ ဤသို့ မီးလောင်မှုဖြစ်စဉ် အကြောင်းတရားတို့သည် မည်သူ၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ သတိပြုရန် အထူးလိုအပ်လာပေသည်။

မီးလောင်မှုဖြစ်စဉ်များကို လေ့လာကြည့်လျှင် ရှို့မီး၊ ပေါ့ဆမီး၊ တောမီး၊ ဝိုင်ယာရှော့ခ်မီး စသည်ဖြင့် တွေ့ရပေသည်။ မီးလောင်မှုဖြစ်စဉ်အများစုသည် မီးဘေးလုံခြုံရေး အားနည်းမှုနှင့် ပေါ့ဆမီးကြောင့် အများဆုံးဖြစ်ပွားရသည်ဟု မီးသတ်ကျွမ်းကျင်သူများက ဆိုကြသည်။ ဈေးများမီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းအရင်းသည် ထိုအချက်နှစ်ချက်၏ အဓိကအခရာ ဖြစ်ပေလိမ့်မည်။

ထင်ရှားသော ဈေးမီးလောင်မှုဖြစ်စဉ်များကို လေ့လာကြည့်ရာတွင် မန္တလေးမြို့ ရတနာပုံဈေးမီးလောင်မှုနှင့် ရန်ကုန်မြို့ မင်္ဂလာဈေး မီးလောင်မှုများကို တွေ့ရပေသည်။ ထိုဈေးကြီးများ မီးလောင်မှုဖြစ်ပွားစဉ်က ကျပ်သိန်းထောင်ချီ၍ ဆုံးရှုံးမှုများရှိခဲ့သည်။ မီးလောင်ရခြင်း၏ အကြောင်းအရင်းကို ဆန်းစစ်သော် ဝိုင်ယာရှော့ခ်ကြောင့်ဟူ၍သာ ကင်ပွန်းတပ်ခဲ့ကြသည်။ ဖြစ်လည်း ဖြစ်နိုင်ပါပေသည်။

အလားတူ ဈေးကြီးများမီးလောင်မှု ယခုနှစ်အတွင်း နှစ်ကြိမ်ဖြစ်ပွားခဲ့လေသည်။ ယင်းတို့မှာ ရခိုင်ပြည်နယ် သံတွဲမြို့ရှိ သံတွဲဈေးကြီးမီးလောင်မှုနှင့် ကသာမြို့ရှိ မြို့မဈေး မီးလောင်မှုများပင်ဖြစ်သည်။ ဈေးများ မီးလောင်ခြင်းကြောင့် ဆုံးရှုံးမှုတန်ဖိုးများခဲ့သလို ဒေသ၏စီးပွားရေး တိုးတက်မှုကိုလည်း ထိခိုက်နိုင်ပေသည်။

သံတွဲဈေးကြီးမီးလောင်မှုမှာ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၅ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ဆိုင်ခန်းပေါင်း ၇၄၀ မီးဘေးသင့်ကာ တန်ဖိုးအားဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၆၅၀၀ ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ ဤသံတွဲဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၉၀၉ ခန်းရှိသည့်အနက် ၇၄၀ လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော မတ် ၇ ရက်ကလည်း စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ မြို့မဈေးကြီး မီးလောင်မှုဖြစ်ပွားခဲ့ရသည်။ ထိုမီးလောင်မှုမှာ ဈေးကြီးအနီးရှိ နှစ်ထပ်ဆိုင်ခန်းတွဲမှ ဆိုင်ခန်းတစ်ခန်း၌ မီးချောင်းချပ်အပူလွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ရာမှ လောင်ကျွမ်းခဲ့သည်ဟု သတင်းများက ဖော်ပြသည်။ ထိုမီးလောင်မှုကြောင့် လူနေအိမ် ၁၅ လုံးနှင့် ဆိုင်ခန်း ၃၄၇ ခန်း မီးဘေးသင့်ခဲ့ရကြောင်း သိရသည်။

ဤသို့ ဈေးမီးလောင်မှုဖြစ်စဉ်များက ဈေးသူ ဈေးသားများရော ဈေးတာဝန်ရှိသူများပါ ဈေးမီးဘေးလုံခြုံရေးကို အထူးသတိပြုသင့်ပြီဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်။ ဈေးများ၏ မီးလောင်မှုသည် ဝိုင်ယာရှော့ခ်ကြောင့် ဖြစ်ကြသည်ဟုဆို၏။ ထိုသို့ဆိုလျှင် ဈေးများ၏ လျှပ်စစ်မီးသုံးစွဲမှုကို သတိပြုသင့်ပေသည်။

ဈေးများရှိ ဝိုင်ယာကြိုးများ ကောင်း မကောင်း အမြဲမပြတ် စစ်ဆေးခြင်း၊ ဈေးဆိုင်ခန်းပိတ်ချိန်၊ ဈေးပိတ်ချိန်တွင် မီးနှင့်ပန်ကာများ ပိတ်၊ မပိတ်ကို ဆိုင်ခန်းမပိတ်မီ အသေအချာ ပြန်လည်စစ်ဆေးခြင်း၊ ဈေးမီးဘေးလုံခြုံရေးကို အခါမလပ် စစ်ဆေးခြင်း စသည်တို့ကို ပြုလုပ်သင့်ကြောင်း အကြံပြုလိုပါသည်။

အချို့သော ဆိုင်ပိုင်ရှင်များသည် အကြောင်းအမျိုးမျိုးကြောင့် မီးပြတ်သွားပြီးနောက် ဖွင့်ထားသည့် မီးချောင်းများ၊ ပန်ကာများ မပိတ်မိဘဲ ဖြစ်တတ်ပါသည်။ ဆိုင်ခန်းများအတွင်း မီးချောင်းနှင့် ပန်ကာများ အချိန်ကြာမြင့်စွာ ဖွင့်ထားပါက ယခုလိုနွေရာသီတွင် အပူရှိန်လွန်ကဲပြီး မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသည်။

သို့ဖြစ်ပါသောကြောင့် ဈေးသူ ဈေးသားများရော ဈေးမီးဘေးလုံခြုံရေး တာဝန်ရှိသူများပါ ဈေးများမီးလောင်မှုလျော့ပါးရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်လေ့ကျင့်ပြင်ဆင်ထားသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ရေနံချောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၄

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မတ် ၁၂ ရက် နံနက် ၉ နာရီတွင် ရေနံချောင်းမြို့နယ် ယင်းမချောင်း-ယာကြီးပြင်ကျေးလက်လမ်း (ရေနံချောင်း မြို့ရှောင်လမ်း)ရှိ ပေ ၆၀ ရှည် သစ်သားတံတားတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေနံချောင်းမြို့နယ် စမ်းကံကြီးကျေးရွာမှ မီးဘေးသင့်ပြည်သူများအား ကျေးရွာစာသင်ကျောင်း၌ တွေ့ဆုံရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ဆီ၊ ဆားနှင့်ပဲများ ထောက်ပံ့ပြီး အလှူရှင်များကလည်း ပါဝင်လှူဒါန်းကြသည်။

ထို့နောက် မြေအောက်ရေတူးဖော်ရရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရွာဦးကျောင်းဆရာတော်အား ဖူးမြော်ကန်တော့၍မီးဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ မီးဘေးသင့်ပြည်သူများအား နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် အင်တောကျေးရွာသို့ ရောက်ရှိပြီး ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၊ အင်တောတိုက်နယ်ဆေးရုံနှင့် ကျေးရွာအလယ်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း မှော်ဘီမြို့နယ်၌ အသိပညာပေးဆွေးနွေး

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း အသိပညာပေးဆွေးနွေးပွဲကို မတ် ၉ ရက် နံနက် ၁၀ နာရီက မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က အမှာစကားပြောကြားသည်။ (အောက်ပုံ)

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ငြိမ်းက အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုး လုပ်ငန်းစဉ်အကြောင်းကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးမှူး အဆင့်(၁) ဦးမြင့်စိုးက ကာကွယ်ဆေးထိုးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

တကောင်းမြို့နယ်ခွဲ ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

တကောင်း မတ် ၁၄

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တကောင်းမြို့နယ်ခွဲ ပြည်သူ့ဆေးရုံသို့ အလှူငွေနှင့်ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မတ် ၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါဆေးရုံ ရုံးခန်း၌ ကျင်းပရာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်အကွက် (၂၁၁) ချမ်းသာကြီးလှည်းတန်းရပ်နေ ရွှေနေသကြား ရောင်းဝယ်ရေးမှ ဦးတင်ဝင်း-ဒေါ်စန်းပွင့် အလှူရှင် မိသားတစ်စုက ဆေးပဒေသာပင် အလှူငွေကျပ်ခြောက်သိန်း၊ တကောင်းမြို့ ဂိုးလ်ဒင်းဟဲ မိသားစုက ခွဲစိတ်ခန်းသုံးရန်အတွက် အဲယားကွန်း လေအေးပေးစက် တစ်လုံး၊ မော်ဒန်ရောင်းဝယ်ရေးက ပိုးသတ်ပေါင်းအိုးတစ်လုံးနှင့် အခြားအလှူရှင်နှစ်ဦးတို့က ဆေးရုံခုတင်ခြောက်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဌေးညွန့်နှင့် တာဝန်ရှိသူတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (၀၄၀)

လမ်းတံတားနှင့် ကွန်ကရစ်လမ်းဖွင့်

ပုသိမ် မတ် ၁၄

ပုသိမ်-မော်တင်စွန်းကားလမ်းပေါ်ရှိ မြေသားကားလမ်းနှင့် အကျယ် လေးပေ၊ အရှည် ပေ ၃၀၀၀ ကျော်ရှိ ကွန်ကရစ်လမ်းနှင့် တံတားများကို မတ် ၄ ရက်က ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်ကိုယ်စား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးကြည်၊ အလှူရှင် ငွေသောင်ယံဆားစက်ပိုင်ရှင် ဦးရဲမြင့်၊သဲဖြူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဘထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ထို့နောက် တည်ထားသော သဲဖြူကျေးရွာအုပ်စု ရိုးမတောင်စွယ်၌ ဉာဏ်တော် ၂၇ပေရှိ ခတ်ပေါင်းစုသဗ္ဗညု ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်နှင့် အလျား ပေ ၇၀၊အနံ ပေ ၄၀ ရှိ ဓမ္မသီရိဗိမာန်တော် တည်ဆောက်လှူဒါန်းပြီး ဌာပနာသွင်းမင်္ဂလာ၊ အနေကဇာတင်မင်္ဂလာ၊ ရေစက်ချမင်္ဂလာအခမ်းအနားကို ငွေသောင်ယံဆားစက်ပိုင်ရှင် ဦးရဲမြင့်နှင့် ရပ်မိရပ်ဖအလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်းသိရှိရသည်။ (၀၇၇)

ငါးသားဖောက်နည်းပညာ ကျုံပျော်မြို့နယ်၌ လက်တွေ့ပြသ

ကျုံပျော် မတ် ၁၄

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်တောင်သူများအား မျိုးငါးများ ပံ့ပိုးကူညီပြီး သားဖောက်နည်းပညာ လက်ဆင့်ကမ်း၍ သားပေါက်များ လုံလောက်စွာ ဖြန့်ဖြူးနိုင်ရေးလုပ်ငန်း အဖြစ် မတ် ၉ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းလွင်၊ ကျုံပျော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်၊ ပုသိမ်ခရိုင်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်အေးအေးမော်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်ဆန်းဝင်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကျုံပျော်မြို့နယ် အင်းရဲကျေးရွာရှိ ငါးမွေးမြူသူ ဦးခင်မောင်ဝင်း၏ ငါးမွေးကန်သို့ သွားရောက်၍ ရွှေဝါငါးကြင်းမျိုးငါးများကို ပံ့ပိုးပေးအပ်ခဲ့ပြီး ငါးသားဖောက်နည်းပညာများကို လက်တွေ့ပြသပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ငါးသိုင်းချောင်း မတ် ၁၄

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ ဆုတောင်းပြည့်ဆရာတော် ဉူးဉာဏိသာရအား အမှူးထား၍ ငါးသိုင်းချောင်းမြို့နယ် လူငယ် (ပရဟိတ) တရားအလှူတော်အဖွဲ့မှ ကြီးမှူးကျင်းပသော ပထမအကြိမ် အလယ်တန်းအဆင့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို မတ် ၅ ရက်က ဆုတောင်းပြည့်ကျောင်းတိုက်၌ ဖွင့်လှစ်ရာ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀၈ ဦး တက်ရောက် သင်ကြားကြောင်း သိရှိရသည်။ (မင်းဇော်ဦး-ရေကြည်)

ရွှေပြည်သာမြို့နယ်၌ ရွှေဝါငါးကြင်းမျိုးများ ပေးအပ်

ရန်ကုန် မတ် ၁၄

ကျေးလက်နေပြည်သူများ ကိုယ်ပိုင်သားဖောက်မွေးမြူခြင်းဖြင့် နည်းပညာများ ကျေးလက်အထိပျံ့နှံ့ပြီး ပိုမိုအကျိုးရှိစေရန်ရည်ရွယ်၍ မတ် ၃ ရက်က ရွှေပြည်သာမြို့နယ် စမ်းချောင်းလေးကျေးရွာအတွင်းရှိ ငါးမွေးမြူသူများအား ရွှေဝါငါးကြင်းမျိုးများ ပေးအပ်ပွဲကျင်းပသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးမျိုးအောင်၊ မြောက်ပိုင်းခရိုင်ဦးစီးမှူး ဦးသန့်ဇင်နှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ငါးမွေးမြူသူ ဦးစိုးဝင်း၏ ငါးကန်၌ ကိုယ်တိုင်သားဖောက်နိုင်သည်အထိ လက်တွေ့လေ့ကျင့်သရုပ်ပြကြသည်။

သရုပ်ပြ

အလားတူ အဆိုပါအဖွဲ့သည် ကျောက်တန်းမြို့နယ် စင်မကော်ကျေးရွာတွင်လည်းကောင်း၊ တွံတေးမြို့နယ် တံခွန်တိုင်ကျေးရွာတွင် လည်းကောင်း၊ ဒေသခံ ငါးမွေးမြူသူများအား ရွှေဝါငါးကြင်းမျိုးငါးများပေးအပ်ပြီး ကိုယ်တိုင်သားဖောက်နိုင်သည်အထိ လက်တွေ့လေ့ကျင့်သရုပ်ပြခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ဒီဇယ်အင်ဂျင်နှင့် မီးသတ်ဝတ်စုံ မီးသတ်တပ်ဖွဲ့စခန်းသို့ ပေးအပ်လှူဒါန်း

ပျော်ဘွယ် မတ် ၁၄

ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းသို့ ဒီဇယ်အင်ဂျင်နှင့် အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်ဝတ်စုံ ၁၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၈ ရက် ညနေ ၄ နာရီက မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။ (ဝဲပုံ)

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းတို့ကအမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းရှိ တိုယိုတာမီးသတ်ယာဉ်အတွက် ပျော်ဘွယ်မြို့နယ် မော်တော်ယာဉ်ထိန်းသိမ်းကြီးကြပ်မှု ကော်မတီကိုယ်စားနာယက ဦးမောင်ကြီးက လှူဒါန်းငွေကျပ် ၄၃၀၅၇၁၀ တန်ဖိုးရှိ ဒီဇယ်အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ပျော်ဘွယ်မြို့ရှမ်းပွဲရပ်နေ အလှူရှင်ဦးညွန့်ဝင်း-ဒေါ်ယဉ်ယဉ်စိန်(ရွှေဇင်ယော်ရောင်းဝယ်ရေး)မိသားစုက အရန်မီးသတ်တပ်ဖွဲ့အတွက်ငွေကျပ် ၁၁၂၀၀၀၀ တန်ဖိုးရှိ မီးသတ်ဝတ်စုံ ၁၀၀ ကိုလည်းကောင်း၊ ပျော်ဘွယ်မြို့ ရွှေပြည်ရန်လုံရပ်နေ ယာဉ်ပိုင်ရှင် ဦးမောင်ကြီးက မီးသတ်ယာဉ်အား ဒီဇယ်အင်ဂျင်တပ်ဆင်ရန်အတွက်ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ရွှေပြည်ရန်နိုင်ရပ်နေ ဦးမြတ်သိန်းထွန်း(မိုးဟိန်းဒိုင်နမို)က မီးသတ်ယာဉ် ဝိုင်ယာရိန်းစနစ် ပြုပြင်ရန်အတွက် ငွေကျပ်တစ်သိန်းကိုလည်းကောင်းပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (၄၄၀)

❖ ရှေ့ဖုံးမှ

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းတို့က ရတနာဆင်ဖြူတော် ဇာတကလျာအား တရော်ကင်ပွန်းရည်များဖြင့် သန့်စင်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ရတနာဆင်ဖြူတော် ဇာတကလျာအား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင် ဦးမြသောင်းက ရတနာဆင်ဖြူတော် ဇာတကလျာအား ပေါက်ပေါက်များဖြင့် ကြပက်ပေးသည်။

မင်္ဂလာအချိန် နံနက် ၈ နာရီ ၁၀ မိနစ်တွင် တာဝန်ရှိသူများက ရတနာဆင်ဖြူတော် ဇာတကလျာအား ဆင်ဖြူတော် အဆောက်အအုံအတွင်း မင်္ဂလာနေရာသို့ ပြောင်းရွှေ့နေရာယူစေသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ရတနာဆင်ဖြူတော် ဇာတကလျာအား အမွှေးနံ့သာရည်များ ထပ်မံပက်ဖျန်းပေးကြပြီး အစာအာဟာရများ ကျွေးမွေးကြသည်။

ယင်းနောက် ရတနာဆင်ဖြူတော် ဘဒ္ဒဝတီနှင့် ရတနာဆင်ဖြူတော် ဇာတကလျာတို့က ဥပ္ပါတသန္တိစေတီတော် မြတ်ကြီးအား မျက်နှာမူ၍ ဖူးမြော်ပူဇော်ကြသည်။

ဆက်လက်၍ အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော 'အမ' ဖြစ်သည့် ဤရတနာဆင်ဖြူတော် ဘွဲ့နာမံ အမည်တော်မှာ "ဇာတကလျာ" ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက "ဇာတကလျာ"ဟု သုံးကြိမ်စီ ခေါ်ဆိုကြရာ ပရိသတ်များက သြဘာလက်ခုပ်တီး၍ ကောင်းချီးပေးကြပြီး အခမ်းအနားမှူးက " အောင်ပြီ အောင်ပြီ" ဟု သုံးကြိမ် ကောင်းချီးမြွက်ဖော်ကြွေးကြော်ကြသည်။

လက်ဖွဲ့ငွေများပေးအပ်

ယင်းနောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ရတနာဆင်ဖြူတော် ဇာတကလျာအတွက် လက်ဆောင်လက်ဖွဲ့ငွေများကို ပေးအပ်ကြရာမြန်မာ့သစ်လုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ စည်သူဒေါက်တာဝမ်ထွန်းက လက်ခံသည်။

ဆက်လက်၍ ဖြိုးစည်သူထရေးဒင်း ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ သီရိသုဓမ္မမဏိဇောတဓရ လူမှုထူးချွန် (ဒုတိယဆင့်) ဦးကိုကိုအေးနှင့် ဇနီး ဒေါ်သီသီနိုင် မိသားစုက ရတနာဆင်ဖြူတော် ဇာတကလျာ၏ ဦးကင်းထက်တွင် ဆင်ယင်သည့် ရတနာများ စီခြယ်ထားသော နဝရတ်ကိုးသွယ်အဆင်တန်ဆာ အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ စည်သူဒေါက်တာဝမ်ထွန်းက လက်ခံသည်။

ထို့နောက် အခမ်းအနားမှူးက "ရတနာဆင်ဖြူတော် ဇာတကလျာလေး ကျန်းမာပါစေ၊ အသက်ရာကျော် ရှည်ပါစေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည်လည်း ဘေးဘယာဝေးကွာ၍ သာယာဖွံ့ဖြိုးတိုးတက်အောင်မြင်ပါစေ"ဟု ဆုမွန်ကောင်းတောင်း၍ အခမ်းအနားကို ရုပ်သိမ်းရာ ပရိသတ်များက သြဘာလက်ခုပ်တီး၍ ကောင်းချီးပေးကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ပြည်ထောင်စုဝန်ကြီးများသည် ရတနာဆင်ဖြူတော်များဖြစ်ကြသော ဘဒ္ဒဝတီ၊ နန္ဒဝတီ၊ ဟေမဝတီနှင့် ငွေဆဒ္ဒန်တို့အား အစာအာဟာရများ ကျွေးမွေးကြသည်။

ပေါက်ဖွားခဲ့

ရတနာဆင်ဖြူတော် ဘဒ္ဒဝတီမှ ပေါက်ဖွားသော ရတနာဆင်ဖြူတော် ဇာတကလျာသည် အမဖြစ်ပြီး ၂၇-၁၁-၂၀၁၁ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် ဥပ္ပါတသန္တိစေတီတော် ဆင်ဖြူတော် ဥယျာဉ်၌ ပေါက်ဖွားခဲ့ခြင်းဖြစ်သည်။

ရတနာဆင်ဖြူတော် ဇာတကလျာသည် အရပ်အမြင့်သုံးပေ တစ်လက်မ၊ လုံးပတ် လေးပေ တစ်လက်မ၊ အမြီးတစ်ပေ ခြောက်လက်မ (မြီးဆံသင့်)၊ အမြီးတံခါးပိတ်၊ကျောငှက်ပျောကိုင်း၊ ခြေသည်းရှေ့ငါး နောက်လေး၊ မျက်လုံး ပုလဲ ၊ နားနားလတ် (ကြေးစည်ပုံ)၊ အမွေးအမှင် အဖြူရောင်၊ အသားအရေ ပန်းရောင် (ဩဇာခွံ)ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ပြည်ထောင်စုဝန်ကြီးများ ရတနာဆင်ဖြူတော် ဇာတကလျာအား ရတနာ နဝရတ်ကိုးသွယ် အဆင်တန်ဆာကို ဦးကင်းထက်တွင် ဆင်မြန်းပေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး လှမင်းအား အစ္စရေးသံအမတ်ကြီးနှင့် ဗန်ကောက်မြို့ အစ္စရေးသံရုံးမှ Counsellor တွေ့ဆုံ

နေပြည်တော် မတ် ၁၄

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး လှမင်းအား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Yaron Mayer နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံရုံးမှ Counsellor for Defense Affairs Mr. Ori Bar Chaim တို့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး (ဝဲပုံ)နှစ်နိုင်ငံတပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညို-တက်ရှိန်း-ရွာသာ-လယ်ပြင်မ အမာခံဂဝံလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် အမာခံဂဝံလမ်းဖွင့်ပွဲတက်ရောက်

နေပြည်တော် မတ် ၁၄

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်ဦးသိန်းညွန့်သည် ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညို-တက်ရှိန်း-ရွာသာ-လယ်ပြင်မ အမာခံဂဝံလမ်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ရာ တောင်ညိုအပိုင်းကို နေပြည်တော်ကောင်စီဝင် ဦးစောလှ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးအောင်နှင့် မြို့မိမြို့ဖ ဦးလှသိန်းဆွေတို့က လည်းကောင်း၊ တက်ရှိန်းအပိုင်းကို နေပြည်တော်ကောင်စီဝင် ဦးစောလှ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်နှင့် မြို့မိမြို့ဖတစ်ဦးတို့က လည်းကောင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တက်ရှိန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်မြှင့်တင်ခြင်း အခမ်းအနားကျင်းပရာ ကျောင်း(ခွဲ)ကို နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်၊ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးလွင်နှင့် မြို့မိမြို့ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ တောင်ညို-တက်ရှိန်း-ရွာသာ-လယ်ပြင်မလမ်းသည် အရှည် ၈ ဒသမ ၉၂ မိုင်၊ အကျယ် ၂၄ ပေရှိသည်။ ယခင်က တစ်ကြောင်းထိုး မြေသားလမ်းဖြစ်ပြီး မိုးရာသီအတွင်း သွားလာရေးခက်ခဲခဲ့ရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေဖြင့် ယခုကဲ့သို့ အမာခံဂဝံလမ်းအဖြစ် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

တက်ရှိန်း၊ ရွာသာ၊ လယ်ပြင်မ၊ ဘုရားတောင်ကျေးရွာအုပ်စုများမှ ပြည်သူများအနေဖြင့် အဆိုပါလမ်းကို အသုံးပြုကာ တောင်ညိုကျေးရွာမှတစ်ဆင့် ဒေသအသီးသီးသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

တန့်ဆည်မြို့နယ်အသင်း ပညာရည်ချွန်ဆုပေးမည်

ရန်ကုန် မတ် ၁၄

တန့်ဆည်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၅ ရက် (တနင်္ဂနွေနေ့)တွင် ဗဟန်း (၃) လမ်းရှိ အသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များမှ အသက် ၇၅နှစ်နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များစာရင်းနှင့်၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ အသင်းဝင်များ၏ သားသမီးများ အမှတ်စာရင်း မိတ္တူပူးတွဲ၍ အသင်းဥက္ကဋ္ဌ ဦးချစ်မွေး အတွင်းရေးမှူးနှင့် အသင်းတိုက်သို့ မတ် ၂၃ ရက် နောက်ဆုံးထား ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မစ္စတာ ဟာဝေး မိုရှေး ဘီဟားအား အစ္စရေးနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ဟာဝေး မိုရှေး ဘီဟားအား ခန့်အပ်ရန် အစ္စရေးနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီး ဖြစ်သည်။

မစ္စတာ ဟာဝေး မိုရှေး ဘီဟားသည် ၁၉၆၃ ခုနှစ် မေ ၂၉ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ဟီဘရူးလ်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး ဝိဇ္ဇာဘွဲ့နှင့် ၂၀၀၉ ခုနှစ်တွင် ဘားအလန်တက္ကသိုလ်မှ ဥပဒေဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

မစ္စတာ ဟာဝေး မိုရှေး ဘီဟားသည် အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ၁၉၉၄ ခုနှစ်မှ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး အိုင်ဗရီကို့စ်၊ အမေရိကန်ပြည်ထောင်စုနှင့် ဘယ်လ်ဂျီယံနိုင်ငံများရှိ အစ္စရေး သံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် အစ္စရေးနိုင်ငံ ဘတ်ဂျက်စီမံကိန်းနှင့် စီမံခန့်ခွဲရေး ဦးစီးဌာန အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ရော၀တီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

နေပြည်တော် မတ် ၁၄

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေးစတုတ္ထနေ့ကို မတ် ၁၃ ရက် နံနက် ၁၀ နာရီတွင်ကျင်းပရာ**(အပေါ်ပုံ)** တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၅) ခု မေးမြန်းဖြေကြားခြင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို တင်သွင်းခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အဆို(၂)ခုဆွေးနွေးခြင်း၊ အဆိုသစ် (၂)ခု တင်သွင်းခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ရိုးရာပန်းပညာရှင်များ အစည်းအရုံး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)၏ မျက်နှာစုံညီ အစည်းအဝေးကို မတ် ၂၉ရက်နှင့် ၃၀ ရက်တို့တွင် ပြည်လမ်း အမျိုးသားပြတိုက်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ အစည်းအဝေးကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ အစည်းအရုံး(ဗဟို)ရုံးခန်း၌ မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(ရိုးရာပန်းပညာရှင်များအစည်းအရုံး)**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၄

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ယခုလို ကျွန်မရဲ့နိုင်ငံရေးပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒ သဘောတရားတွေကို ဧပြီလ ၁ ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီတင်ပြခြင်းဟာ ပြည်သူတွေရဲ့အခွင့်အရေးတစ်ရပ်ကို အသိအမှတ်ပြုလိုက်ခြင်းဖြစ်ပါတယ်။

မဲဆန္ဒရှင်များသာမက၊ နိုင်ငံသူ နိုင်ငံသားအားလုံးအနေနဲ့ မိမိတို့ကို ကိုယ်စားပြုလိုကြတဲ့ ပါတီအဖွဲ့အစည်း၊ ပုဂ္ဂိုလ်တွေကို လေ့လာသုံးသပ်ပြီး ဘယ်အဖွဲ့အစည်း၊ ဘယ်ပုဂ္ဂိုလ်ကို ထောက်ခံရွေးချယ်မယ်ဆိုတာ ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။

ဒီမိုကရေစီအခြေခံမူအရ ပြည်သူတွေရဲ့ဆုံးဖြတ်ချက်ကို လက်ခံမှာဖြစ်တဲ့ ကျွန်မတို့ပါတီရဲ့ နိုင်ငံနဲ့ပြည်သူတွေအတွက်ထားတဲ့ ရည်မှန်းချက်တွေကို အနှစ်နှစ်ဆယ်ကျော် ကိုင်စွဲခဲ့တဲ့မူတွေနဲ့တွဲပြီး ရှင်းပြချင်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အဓိကရည်ရွယ်ချက်တွေအနက် ထိပ်တန်းတင်ထားတဲ့ကိစ္စ (၃)ရပ်ကတော့ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ ဖြစ်ပါတယ်။

တရားစီရင်ရေးစနစ်ကို အစိုးရယန္တရားအောက် သွတ်သွင်းခဲ့ပြီး မီဒီယာတွေကို အစိုးရပိုင်အဖြစ်ပြောင်းကာ ချုပ်ကိုင်လာခြင်း၊ တင်းကျပ်တဲ့မီဒီယာနဲ့ ဆင်ဆာစည်းကမ်းတွေကိုပြဋ္ဌာန်းပြီး ပြည်သူတွေရဲ့လွတ်လပ်စွာ ပြောပိုင်ခွင့်၊ ရေးပိုင်ခွင့်၊ ကြားပိုင်ခွင့်၊ ဆန္ဒဖော်ထုတ်ပိုင်ခွင့်တွေကို ရုပ်သိမ်းပစ်ခဲ့ခြင်း စတဲ့နည်းလမ်းစုံနဲ့ တရားဥပဒေစိုးမိုးမှုကို ချေဖျက်ပစ်ခဲ့တာ ပြည်သူလူထုဘဝမှာ အကြောက်တရားကသာ လွှမ်းမိုးခဲ့ပါတော့တယ်။

ပြည်သူလူထုဘဝ အကြောက်တရားက လွတ်မြောက်ပြီး လူ့အခွင့်အရေး မရသေးတဲ့အထိတော့ ဒီမိုကရေစီစနစ်ထွန်းကားခိုင်မြဲနိုင်မှာ မဟုတ်ပါဘူး။ ဥပဒေစိုးမိုးမှုရှိမှသာ ပြည်သူတွေဟာ ဥပဒေရဲ့အကာအကွယ်ကို အမှန်တကယ်ရနိုင်ပြီး လွတ်လပ်မှုရဲ့အရသာကို အမှန်တကယ်ခံစားနိုင်ကြမှာ ဖြစ်ပါတယ်။ ဥပဒေစိုးမိုးရေးရှိခြင်းသည် သာမန်ပြည်သူများ၊ နိုင်ငံတော်ဝန်ထမ်းများနဲ့ နိုင်ငံရေးသမားအားလုံးတို့ မိမိတို့ရသင့်ရထိုက်တဲ့ အကာအကွယ်၊ အစောင့်အရှောက်ပေးမှာ ဖြစ်ပါတယ်။ အာဏာရှိတဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အကြီးအကဲတွေက တစ်ချက်လွှတ်အမိန့်နဲ့ ဘယ်သူ့ကိုမှ အရေးယူ၊ အနိုင်ကျင့်နိုင်မှာ မဟုတ်ပါ။ ဒါမှ ဒီမိုကရေစီလည်း ခိုင်မာထွန်းကားတယ်လို့ ဆိုနိုင်ပါမယ်။

ဥပဒေစိုးမိုးရေးအတွက် ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ။

* ပြည်သူတွေကို ဖိနှိပ်ထားတဲ့ ခေတ်နဲ့မလျော်ညီတော့တဲ့ ဥပဒေအချို့ကို မဆိုင်းမတွ ဖျက်သိမ်းပစ်ကြရပါမယ်။
* ပြည်သူတွေကို အကာအကွယ်ပေးတဲ့ဥပဒေတွေကို ပြဋ္ဌာန်းရေးဆွဲကြရပါမယ်။
* တရားစီရင်ရေးစနစ်ကို လွတ်လပ်အောင်ထားပြီး သမာသမတ်ဖြစ်အောင် ပြုပြင်ရပါမယ်။
* စာနယ်ဇင်းလွတ်လပ်ခွင့် အပြည့်အဝပေးရပါမယ်။
* ပြည်သူလူထုကို ကူညီပေးမယ့်ဥပဒေ အထောက်အကူပြုကွန်ရက်တွေ တိုးချဲ့ရပါမယ်။

တရားစီရင်ရေးမဏ္ဍိုင်ဟာ ဒီမိုကရေစီသဘောထားနဲ့ ကိုက်ညီတဲ့ ဥပဒေပြုမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နဲ့ လွတ်လပ်စွာ ရပ်တည်နေစေရပါမယ်။ တရားစီရင်ရေးမဏ္ဍိုင်ဟာ အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့အပေါ်မှာပဲ အမြဲရှိနေမှာဖြစ်ပြီး ဥပဒေနဲ့ ငြိစွန်းတဲ့ အုပ်ချုပ်သူလူပုဂ္ဂိုလ်အဖွဲ့အစည်းမှန်သမျှကို တရားစီရင်ပိုင်ခွင့်ရှိစေရပါမယ်။ ဥပဒေအရပြစ်မှုထင်ရှားပြီး စီရင်ခြင်းမရှိသေးရင် ဘယ်သူ့ကိုမဆို အပြစ်ကင်းတယ်လို့ မှတ်ယူရမှာပဲဖြစ်ပါတယ်။

လွတ်လပ်ရေးနဲ့ ဖွားဖက်အဖြစ်ပါလာတဲ့ ပြည်တွင်းစစ်ဟာ ကျွန်မတို့နိုင်ငံမှာ ဒီနေ့အထိ လောင်မြိုက်ဆဲ ဖြစ်နေပါတယ်။ ၁၉၄၇ ခုနှစ်တွင် အမျိုးသားခေါင်းဆောင်ကြီးများ ရုတ်တရက်လုပ်ကြံခံရပြီးကတည်းက စတင်ခဲ့တဲ့ တိုင်းရင်းသားမျိုးနွယ်များအကြား သံသယပွားခြင်း၊ နိုင်ငံရေးအယူအဆ မတူသူများအကြား သဘောထားကွဲပြားခြင်း စတာတွေကို စားပွဲဝိုင်းမှာ တွေ့ဆုံညှိနှိုင်း ဖြေရှင်းမှုမပြုနိုင်ကြသေးဘဲ လက်နက်အားကိုး အင်အားသုံးဖြေရှင်းဖို့ကြိုးစားနေကြခြင်းဟာ ကနေ့အထိပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် ဥပဒေစိုးမိုးမှုမရှိတာကလည်း ပြည်တွင်းစစ်မီးကို အရှိန်မြှင့်စေခဲ့ပါတယ်။ တိုင်းရင်းသားတွေရဲ့လုံခြုံမှုနဲ့ အခွင့်အရေးတွေကို အကာအကွယ်မပေးနိုင်ခဲ့ဘဲ ပြည်တွင်းစစ်ရဲ့ ဆိုးကျိုးတစ်ခုအဖြစ် စစ်အာဏာရှင်စနစ်ကိုသာ ပေါ်ပေါက်စေခဲ့ပါတယ်။

ပြည်တွင်းစစ်မီးတောက်ကို အမြန်ဆုံးငြိမ်းသတ်ပြီး ငြိမ်းချမ်းအောင် လုပ်နိုင်မှသာ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းစစ်ရပ်ဆိုင်းပြီး ငြိမ်းချမ်းစေရေးအတွက် အဆင့်(၃)ဆင့် ဆောင်ရွက်ရပါမယ်။

ပထမအဆင့်အနေနဲ့က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရပါမယ်။ ဒုတိယအဆင့်အနေနဲ့ နိုင်ငံရေးအရ ဆွေးနွေးပွဲတွေကျင်းပပြီး ညှိနှိုင်းအဖြေရှာကြရပါမယ်။ တတိယအဆင့်အနေနဲ့ တိုင်းရင်းသားတွေ လိုလားနေတဲ့အတိုင်း ပင်လုံရဲ့ အခြေခံမူဖြစ်တဲ့ တန်းတူညီမျှမှု၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ပြဋ္ဌာန်းခွင့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့်စတာတွေကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံစစ်စစ် တည်ထောင်နိုင်ဖို့ ဘုံဦးတည်ချက်ထားပြီး ကြိုးပမ်းရပါမယ်။ ကျွန်မတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေဟာ ခွဲထွက်ရေးကို လုံးဝမလိုလားဘဲ စစ်မှန်တဲ့ ဒီမိုကရေစီ ပြည်ထောင်စုကြီးကိုသာ လိုလားတယ်လို့ ကျွန်မ တထစ်ချယုံကြည်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ထွက်ခဲ့ပြီးကတည်းက ဒီဥပဒေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သဘောမတူတာကြေညာခဲ့ပြီး ပြုပြင်ရမယ့် အချက်တွေကို ထောက်ပြခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ပါတီစွဲ၊ အဖွဲ့စွဲ၊ ပုဂ္ဂိုလ်စွဲတွေမထားဘဲ နိုင်ငံအကျိုးကိုသာ ရှေးရှုတဲ့စိတ်ဓာတ်နဲ့ ညီညွတ်တဲ့ တပ်မတော်အင်အားစု အပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ညှိညှိနှိုင်းနှိုင်း လုပ်သွားကြရမှာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့စစ်တပ်နဲ့ နိုင်ငံတကာမှာရှိတဲ့ နိုင်ငံအသီးသီးရဲ့ စစ်တပ်များဟာ နိုင်ငံကာကွယ်ရေးအတွက် အဓိကအင်အားစုဖြစ်တယ်ဆိုတာကို အငြင်းပွားဖို့မရှိပါဘူး။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအတွေ့အကြုံနဲ့ တွေ့ကြုံခဲ့ရတဲ့ဖြစ်စဉ်များအရ လက်ရှိမြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာမှာ တပ်မတော်ဟာ မပါမဖြစ်၊ ပါရန်လိုအပ်တယ်လို့ ကျွန်မယုံကြည်ပါတယ်။

ကျွန်မရဲ့ဖခင် ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့တဲ့တပ်မတော်ဟာ နိုင်ငံတော်အကျိုးအတွက်ဆောင်ရွက်ဖို့ အစဉ်အမြဲ အဆင်သင့်ရှိမယ်လို့လည်း ကျွန်မယုံကြည်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ပြည်သူနဲ့အုပ်စိုးသူတို့ကြားမှာ ထားရှိတဲ့ ပဋိညာဉ်ဖြစ်တယ်ဆိုတဲ့အတိုင်း လိုအပ်တဲ့အခါတွေမှာ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီစံနှုန်းနဲ့ မကိုက်ညီတာကို တွေ့မြင်နေရပါတယ်။

ထင်ရှားတဲ့ ဥပမာတစ်ခုပေးရမယ်ဆိုရင် ပြည်သူတွေကို ပြည်သူကတင်မြှောက်တဲ့ ရွေးကောက်ခံကိုယ်စားလှယ်တွေက အုပ်စိုးခြင်းကသာ ဒီမိုကရေစီရဲ့အနှစ်သာရဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရွေးကောက်ခံမဟုတ်တဲ့ လွှတ်တော်ကိုယ်စားလှယ်(၂၅%)ပါဝင်နေတာကို ပြည်သူတွေအသိ ဖြစ်ပါတယ်။ ဆိုလိုတာက လက်ရှိလွှတ်တော်အသီးသီးမှာ ပြည်သူတွေရွေးကောက်ထားခြင်းမဟုတ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်နေတဲ့အတွက် ဒီမိုကရေစီမူများနှင့် မကိုက်ညီပါဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်သင့်တဲ့ပုဒ်မများကို ပြည်သူတွေကို အသိပေးထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံကြီးပြီးတဲ့နောက် မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရတာ၊ နှစ်ပေါင်းနှစ်ဆယ်ကျော် အဖိနှိပ်ခံဘဝနဲ့ ကြိုးပမ်း ရုန်းကန်ခဲ့ရတာကို ပြည်သူတွေအသိဖြစ်ပါတယ်။ အဖွဲ့ချုပ်ရဲ့ သစ္စာရှိ အဖွဲ့ဝင်တွေ အလုပ်ထုတ်ခံရတာ၊ ရှေ့နေတွေ လိုင်စင်ရုပ်သိမ်းခံရတာ၊ ဆရာဝန်တွေ လိုင်စင်ရုပ်သိမ်းခံရတာ၊ မတရားဖမ်းဆီးခံရပြီး အမြင့်ဆုံးပြစ်ဒဏ်များ ချမှတ်ခံရတာတွေကြောင့် မိမိတို့လူမှုဘဝတွေပျက်စီး၊ မိသားစု စီးပွားရေးတွေ ပျက်စီးခဲ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဖွဲ့ချုပ်အဖွဲ့ဝင်တွေဟာ မိမိတို့ရဲ့ ယုံကြည်ချက်ကို ဆက်လက်ထိန်းသိမ်းပြီး ပြည်သူတွေအတွက်၊ အဖွဲ့ချုပ်အတွက် ရပ်တည်ခဲ့ကြပါတယ်။

အဖွဲ့ချုပ်အနေနဲ့ နိုင်ငံတကာနဲ့ ဆက်ဆံမှုချောမွေ့ပြေပြစ်ပြီး ပြည်သူများအတွက် အကျိုးရှိစေမယ့် ဆက်ဆံပေါင်းသင်းမှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ စီးပွားဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီစနစ်ထွန်းကားနေတဲ့ နိုင်ငံများနဲ့သာမက၊ အိမ်နီးချင်းနိုင်ငံများနဲ့လည်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ပါတယ်။ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာရဲ့လိုအပ်တဲ့ ပံ့ပိုးကူညီမှုများရရှိနိုင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

စီးပွားရေးနဲ့ပတ်သက်လို့ လွတ်လပ်မှု၊ တည်ငြိမ်မှုနဲ့ လူမှုရေး တရားမျှတမှုတို့ ဟန်ချက်ညီပြီး ဥပဒေစိုးမိုးမှုကို အခြေခံတဲ့ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲဖို့ လုပ်ရပါမယ်။

ဆင်းရဲနွမ်းပါးမှုပပျောက်ပြီး ဒေသအလိုက်လူမျိုးများအကြား လူတစ်ဦးချင်းရဲ့ လူနေမှုအဆင့်အတန်း၊ လူမှုဘဝသိက္ခာမြင့်မားစေဖို့ မြန်မာနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ လူမျိုးစုအားလုံးတန်းတူညီမျှ အလုပ်လုပ်ကိုင်နိုင်ခွင့်ရဖို့အတွက် အလုပ်အကိုင်ဖော်ထုတ်ရေး အလုပ်လက်မဲ့ပြဿနာဖြေရှင်းရေးကို ဦးတည်ဆောင်ရွက်ရပါမယ်။

စီးပွားရေးမှာ နိုင်ငံတော်ရဲ့ ရငွေ၊ သုံးငွေ ဘတ်ဂျက်လိုငွေပြနေတာကို ငွေစက္ကူအသစ်တွေ ရိုက်ထုတ်ပြီး ဖြေရှင်းတာမျိုးမဟုတ်ဘဲ တခြားနည်းလမ်းတွေနဲ့ ဖြေရှင်းရပါမယ်။ လက်ရှိငွေရေးကြေးရေးစနစ်၊ ဘဏ်စနစ်မှာ အနှောင်အဖွဲ့၊ အဟန့်အတားဖြစ်နေတဲ့အချက်တွေကို ဖယ်ရှားရမှာဖြစ်ပါတယ်။

နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေအားလုံး ဖွံ့ဖြိုးဖို့ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၊ နိုင်ငံတကာဘဏ္ဍာရေးကော်မရှင်၊ ကမ္ဘာ့ဘဏ်တို့နဲ့ ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်သွားဖို့ လိုပါတယ်။ NLD က ယခုကစပြီး ဒီလိုပူးပေါင်းမှုများကို စတင်လမ်းစဖော်နေပါတယ်။

ပညာရေးပိုင်းမှာလည်း နိုင်ငံသားတိုင်းအရည်အသွေးပြည့်ဝတဲ့ ပညာသင်ယူခွင့်ရရှိဖို့၊ မသင်မနေရ မူလတန်းပညာရေးကို ကလေးတိုင်း အခမဲ့သင်ယူခွင့်ရှိဖို့၊ အလယ်တန်း၊ အထက်တန်းအဆင့်၊ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာကျောင်းတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဖွင့်လှစ်နိုင်ဖို့တို့ကို ဆောင်ရွက်ရပါမယ်။

မြန်မာဘာသာစကားအခက်အခဲရှိတဲ့ တိုင်းရင်းသားမျိုးနွယ်တွေရဲ့ ကလေးများအတွက် အထောက်အကူဖြစ်စေမယ့် ပညာရေးလုပ်ငန်းအစီအစဉ်များကို ထည့်သွင်းရေးဆွဲရပါမယ်။ ပုံမှန်ကျောင်းပညာသင်ယူရန် အခက်အခဲရှိတဲ့ အရွယ်ရောက်ပြီးကလေးများ၊ လူငယ်လူရွယ်များ ကျောင်းပြင်ပပညာရေးအတွက် အထူးအစီအစဉ်များ ဆောင်ရွက်ပေးရပါမယ်။

ကျွန်မတို့ ပညာရေးအဆင့်အတန်းဟာ နိုင်ငံတကာ အဆင့်အတန်းကို လိုက်မီဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဒါမှ အခုပြောနေကြတဲ့ လူ့စွမ်းအားအရင်းအမြစ် အစစ်အမှန်တွေ ပေါ်ထွက်လာမှာပဲ ဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေ အရည်အချင်း ပြည့်ဝဖို့ဟာလည်း အင်မတန်မှ အရေးကြီးပါတယ်။ ဒီအတွက် ပြုပြင်ဆောင်ရွက်သွားရမှာ ဖြစ်သလို သူတို့အရည်အချင်းနဲ့ ထိုက်တန်တဲ့ လစာငွေကြေးရရှိဖို့ကိုလည်း စဉ်းစားပေးရပါမယ်။

ပညာရေး ပြုပြင်ပြောင်းလဲရာမှာလည်း လက်ရှိပညာရေးစနစ်မှာ တွေ့ကြုံနေကြရတဲ့ အတားအဆီးအဟန့်အတားများကို ဖယ်ရှားပစ်ရမှာ ဖြစ်ပါတယ်။

ကျန်းမာရေးပိုင်းအနေနဲ့ နိုင်ငံတော်မှာ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရှိရပါမယ်။

အများပြည်သူ၊ အထူးသဖြင့် ချို့တဲ့တဲ့ နိုင်ငံသားတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုရဖို့ ကျန်းမာရေးအာမခံ စီမံကိန်းတွေကို သီးသန့်အားဖြင့် ထူထောင်နိုင်ရန် နည်းလမ်းများရှာဖွေ ဆောင်ရွက်သွားရပါမယ်။

ဆေးပညာသင်ကြားရေးစနစ်၊ ဆေးပညာရပ်၊ ဆေးကုထုံးနည်း၊ ဆေးဝါးထုတ်လုပ်ရေးနည်းတွေကို ခေတ်မီတိုးတက်လာအောင်လို့ နိုင်ငံတကာက ပညာရှင်တွေ၊ ဆေးပညာဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရပါမယ်။

တောင်သူ လယ်သမားများကို ဥပဒေနဲ့အညီ လယ်ယာလုပ်ပိုင်ခွင့်၊ လယ်ယာပိုင်ဆိုင်ခွင့်ရဖို့ ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပြီး ဆန်စပါးအပါအဝင်၊ လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ လွတ်လပ်စွာ စိုက်ပျိုးကြိတ်ခွဲရောင်းဝယ်ခွင့်ရဖို့နဲ့ သင့်တော်တဲ့ဈေးနှုန်းများရဖို့ကို ဦးစားပေးဆောင်ရွက်သွားရပါမယ်။

ကမ္ဘာ့တစ်ဝန်း လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးတက်နေခြင်းကို သတိပြုပြီး အနာဂတ်ကိုရှေးရှုတဲ့ လယ်ယာထွက်ကုန် စီးပွားရေးစနစ်ကို ထူထောင်ဖို့ လိုပါတယ်။

တောင်သူလယ်သမားများရဲ့ နစ်နာဆုံးရှုံးမှုများ၊ ရပိုင်ခွင့်များ၊ ပြဿနာအရေးကိစ္စရပ်များကို တောင်သူလယ်သမားအကျိုးအတွက် လွတ်လပ်စွာဆောင်ရွက်နိုင်ဖို့ ညီညွတ်သော တောင်သူလယ်သမားအဖွဲ့အစည်းများအား ဖွဲ့စည်းခွင့်ပေးသွားရပါမယ်။

အလုပ်သမားများရဲ့ရပိုင်ခွင့်များ အပြည့်အဝရရှိရေးအတွက် အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းနိုင်ရေး၊ အလုပ်သမား အခွင့်အရေးကို ဥပဒေနဲ့အညီ အကာအကွယ်ရရှိနိုင်ရေးတို့ကို ဆောင်ရွက်သွားရပါမယ်။

အလုပ်သမားတိုင်း တရားမျှတမှု၊ တန်းတူညီမျှမှု၊ အခွင့်အရေးရရှိမှု၊ လုပ်ပျော်သော အလုပ်ခွင်အခြေအနေ၊ တူညီသောအလုပ်အတွက် တူညီသော အခကြေးငွေရရှိခွင့်၊ လုပ်ခလစာရရှိခွင့်၊ အလုပ်လက်မဲ့ဖြစ်ခြင်းမှ အကာအကွယ်ရရှိခွင့် ရစေရပါမယ်။

အဓမ္မအလုပ်စေခိုင်းခြင်းကို တားဆီးပိတ်ပင်ပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) ရဲ့ ပြဋ္ဌာန်းချက်များနဲ့ ညီညွတ်စေရန် အတတ်နိုင်ဆုံး ဆောင်ရွက်သွားရပါမယ်။

လူငယ်တွေဟာ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် တိုင်းပြည်ရဲ့ အဖိုးအတန်ဆုံး အင်အားတွေဖြစ်လို့ လူငယ်တွေအတွက် ပညာသင်ကြားရေး အဆင့်အတန်းမြင့်စေဖို့၊ ပွင့်လင်းလွယ်ကူစေဖို့နဲ့ ပညာအဆင့်အတန်းနဲ့ ကိုက်ညီတဲ့လုပ်ငန်းတွေမှာ အလုပ်အကိုင်ရရှိစေဖို့ အားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလုပ်အကိုင်သစ်များ ဖန်တီးပေးရင်းနဲ့ လူငယ်တွေရဲ့အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းဆောင်ရွက်ပေးရပါမယ်။

နိုင်ငံရဲ့ အနာဂတ်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ လူငယ်တွေရဲ့ စွမ်းရည်တွေကို ဖော်ထုတ်ပြီး နိုင်ငံတည်ဆောက်ရေးမှာ ခိုင်မာတဲ့စွမ်းအားစုအဖြစ် အသုံးပြုသွားပါမယ်။ ကျောင်းသားများကိုယ်တိုင်ဖွဲ့စည်းတဲ့ လွတ်လပ်တဲ့ ကျောင်းသားသမဂ္ဂများကိုလည်း ဥပဒေနဲ့အညီ ခွင့်ပြုသွားရပါမယ်။

နိုင်ငံရဲ့ (၅၀)ရာခိုင်နှုန်းမက အင်အားဖြစ်တဲ့ အမျိုးသမီးများရဲ့ အခွင့်အရေးများ ကာကွယ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတွင် အမျိုးသမီးများရဲ့ အခန်းကဏ္ဍကို တိုးချဲ့ရေးတို့ကိုလည်း အလေးပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။

ယခု ကျွန်မတင်ပြသွားခဲ့တဲ့ မူဝါဒသဘောတရားတွေ အများအပြားကို ကျွန်မရဲ့ စည်းရုံးရေးခရီးစဉ်များတစ်လျှောက်မှာ ပြောပြီးဖြစ်ပါတယ်။ ဒါတွေက နားထောင်လို့တော့ ကောင်းပါရဲ့၊ တကယ်ပဲ အကောင်အထည်ဖော်နိုင်ပ့ါမလားလို့ ပြည်သူများက တွေးနေကြမယ်ထင်ပါတယ်။ လွယ်လွယ်နဲ့တော့ ကျွန်မတို့လိုလားတောင့်တနေတဲ့ ပြည်ထောင်စုကြီးထူထောင်ဖို့ မဖြစ်နိုင်ပါဘူး။ ကျွန်မတို့အားလုံး ညီညီညွတ်ညွတ်နဲ့ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာဆိုတဲ့ အောင်မြင်ခြင်းတရားလေးပါးတွေကို ဆုပ်ကိုင်ပြီး ကြိုးစားသွားကြရင်တော့ ဖြစ်နိုင်မယ်လို့ ကျွန်မယုံကြည်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ခက်ခဲတဲ့ အလုပ်တာဝန်တွေကို ဇွဲ လုံ့လနဲ့ လုပ်ခဲ့ရတဲ့ အတွေ့အကြုံတွေ ဆယ်စုနှစ်နဲ့ချီပြီး ရှိလာခဲ့တာပါ။ နိုင်ငံအတွက် နောက်တစ်ဆင့်တိုးပြီး ခက်ခဲတဲ့အလုပ်တွေအောင်မြင်စွာ ထမ်းဆောင်ပေးနိုင်ဖို့ တာဝန်ပေးတဲ့အနေနဲ့ ကျွန်မတို့ရဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်များကို ထောက်ခံရွေးချယ်ကြဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်မတို့ရဲ့ တံဆိပ်ကတော့ အနီရောင်အောက်ခံပေါ်မှာ ရွှေရောင်ခွပ်ဒေါင်းနဲ့ ဝဲဘက်ထိပ်စွန်းနားမှာ ထောင့်ငါးထောင့်ရှိတဲ့ ကြယ်ဖြူကြီးပါပဲ။ "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်" ဆိုတဲ့ စာတန်းလည်းပါပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်သူတွေမဲပေးကြပါ။

ကျေးဇူးတင်ပါတယ်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)
၁၅-၃-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇:၂၀ ၂။ နံနက်ခင်းသတင်း
- ၈:၂၅ ၃။ တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၄။ International News

ညပိုင်း

- ၄:၄၀ ၁။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
- ၅:၀၅ ၂။ **ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ**
- ၅:၄၅ ၃။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
- ၆:၀၀ ၄။ ညနေခင်းသတင်း
- ၆:၂၀ ၅။ **အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း**
- ၇:၄၅ ၆။ **ဘယ်လိုမဲပေးကြမှာလဲ** (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၈:၀၀ ၇။ ပြည်တွင်းသတင်း
- ၈။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာအသချေ်** (အပိုင်း-၁၄)
- ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၃၉)

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၄

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇင်အောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

လေးစားအပ်ပါသော ပြည်သူလူထုကြီးများခင်ဗျား-

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဖွဲ့စည်းရခြင်းရည်ရွယ်ချက်

ကျွန်ုပ်တို့သည် ၁၉၈၈ ခုနှစ် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ ရှေ့တန်းမှ ဦးဆောင်ခဲ့သည့် ကျောင်းသားလူငယ်များဖြစ်ပါတယ်။ ထိုစဉ်က ဖြစ်ပေါ်လာသော ပါတီစုံဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်ချက်မရှိဘဲ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်လိုသော ကျောင်းသားလူငယ်များ ဖြတ်သန်းသွားရန်အတွက် ပေါင်းကူးတံတားသဖွယ် အသုံးပြုနိုင်ရန် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို (၈၈)ကို ဦးဆောင်ခဲ့သော ကျောင်းသားခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်ဖြင့် ထူထောင်ခဲ့ခြင်းဖြစ်ပါတယ်။ ထို့ကြောင့်လည်း ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်ခဲ့သော နိုင်ငံရေးပါတီအားလုံး၏ အမာခံကျောရိုးဖြစ်ခဲ့ပြီး ဒုတိယအင်အားအကြီးဆုံးပါတီလည်း ဖြစ်ပါတယ်။

ကျွန်ုပ်တို့ကြိုးပမ်းခဲ့သော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကြိုးပမ်းမှုခေါင်းစဉ်အောက်မှ ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးကြိုးပမ်းမှုခေါင်းစဉ်အောက်သို့ အသိမဲ့ ပါဝင်ခဲ့ရပြီး လွတ်မြောက်ရေးကြိုးပမ်းမှု အကောင်အထည်ဖော်ရာတွင် ရှေ့တန်းမှ ပါဝင်ခဲ့ရပါတယ်။

ကျွန်ုပ်တို့ မျှော်မှန်းတမ်းတခဲ့ရသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်မှာ ထိုမူဝါဒအမှားများကြောင့် နှစ်ပေါင်း (၂၀) ကျော်နီးပါး နှောင့်နှေးကြန့်ကြာခဲ့ရပါတယ်။ ဘုံရန်သူထားရှိသည့်မူဝါဒမှာ ငါနှင့်မတူ ငါ့ရန်သူအဖြစ် သဘောထားသည့် ဘုံဝါဒနှင့် အာဏာရှင် ဗဟိုဦးစီးစနစ်အတွက်သာလျှင် ခွန်အား (သို့) မောင်းနှင်အားဖြစ်စေပြီး ဒီမိုကရေစီအင်အားစုများအတွက် ပါတီစုံဒီမိုကရေစီစနစ်၏ အနှစ်သာရများဖြစ်သည့် အပြိုင်အဆိုင်ယှဉ်ပြိုင်ခွင့်၊ သဘောထားကွဲခွင့်၊ အတိုက်အခံပြုခွင့်စတဲ့ ဒီမိုကရေစီအခွင့်အရေးများ ဆိတ်သုဉ်းသွားကြောင်း အထင်အရှားမြင်တွေ့ခဲ့ပြီးလည်းဖြစ်ပါတယ်။

ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးကြိုးပမ်းမှုခေါင်းစဉ်ကြောင့် တပ်မတော်ကို နိုင်ငံရေးထွက်ပေါက်မပေးဘဲ သမိုင်းတရားခံများ ဖြစ်စေရန်အတွက် ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများသည် အမျိုးသားအချင်းချင်း ပဋိပက္ခကို ပိုမိုကြီးထွားစေပြီး နောက်ဆုံး၌ ထိုမူဝါဒအမှားများကြောင့် ပြည်သူလူထုနှင့် ကျွန်ုပ်တို့သာလျှင် အရှုံးပေါ်ခဲ့ပြီး ပါတီ၏ မြေပေါ်၌ တရားဝင်ရပ်တည်ခွင့်များပါ ဆုံးရှုံးသွားခဲ့ရပါတယ်။ ပြည်တွင်း၌ တရားဝင်ရှင်သန်ခြင်းမရှိဘဲ ပြည်သူအကြား ပြည်သူနှင့်အတူ လက်တွဲဆောင်ရွက်သွားနိုင်ခြင်းမရှိသည့်နိုင်ငံရေးပါတီမှာ တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ဆောင်ရွက်နိုင်စွမ်းရှိလိမ့်မည်မဟုတ်ဘဲ နောက်ဆုံး၌ လုံးပါးပါးကာ သမိုင်းတရားခံဘဝသို့ ဆိုက်ရောက်ရန်သာရှိပါတယ်။

ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်ရေးအကျိုးစီးပွား၊ အာဏာရရှိရေး အကျိုးစီးပွားများအပေါ်၌ အခြေခံ ခံထားခြင်းမရှိဘဲ တိုင်းပြည်နှင့်ပြည်သူလူထု၏ အကျိုးစီးပွားအပေါ်၌သာ အခြေခံကာ ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့သူများဖြစ်သည့်အတွက် မူဝါဒအမှားများကို စွန့်လွှတ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အနှစ်(၂၀)ကျော်နီးပါး နေထိုင်လာခဲ့ရသည့် အခြေအနေများမှ လွတ်မြောက်စေကာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများ ဆက်လက်ရှင်သန်ဖွံ့ဖြိုးလာစေရန်။

ကျွန်ုပ်တို့သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကြိုးပမ်းမှုများ၏ နိုင်ငံရေးစစ်တလင်းမီးလောင်တိုက်အတွင်းမှ ဖြတ်သန်းခဲ့ရပြီး အသက်မသေ ကြွင်းကျန်ခဲ့သည့်သူများဖြစ်သည်နှင့်အညီ ပကတိနိုင်ငံရေးဖြစ်စဉ်များ၏ အမှားအမှန်ကို ရဲရဲဝံ့ဝံ့ပြတ်သားစွာ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့ အနှစ်(၂၀) ကျော်အချိန်ကာလအတွင်း တန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံရေးအသိ အနှစ်သာရမှာ ငါဆိုတဲ့အတ္တကို ချိုးနှိမ်ပြီး အမျိုးသားအချင်းချင်း သင့်မြတ်မှုမရှိသမျှကာလပတ်လုံး တိုင်းပြည်နှင့် ပြည်သူလူထု၏ ဒုက္ခအပေါင်းကို မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်း ဝါဒစနစ်မျိုးကမှ ကယ်တင်နိုင်စွမ်းမရှိဆိုသော နိုင်ငံရေးအသိပင်ဖြစ်ပါတယ်။

ကျွန်ုပ်တို့သည် ပါတီစုံဒီမိုကရေစီအသွင်ကူးပြောင်းရေး ကြားကာလတွင် တပ်မတော်၏ ဦးဆောင်မှုနောက်မှ တစ်မျိုးသားလုံးနှင့်အတူလိုက်ပါခဲ့ရခြင်းဖြစ်ပြီး ရှေ့မှဦးဆောင်ခဲ့သောတပ်မတော်၏ နိုင်ငံရေးထွက်ပေါက်ကို ပိတ်ဆို့မိခဲ့သည့်အတွက် ပြည်သူလူထုနှင့်အတူ ကျွန်ုပ်တို့သည်လည်း နိုင်ငံရေးထွက်ပေါက် ပိတ်ခဲ့ရပါတယ်။ ထိုအခြေအနေမှ သူနိုင်ကိုယ်နိုင်ဖြစ်စေမည့် (Win-Win) သီအိုရီနည်းအတိုင်း တပ်မတော်ကို နိုင်ငံရေးထွက်ပေါက်ပေးခြင်းသည် ကျွန်ုပ်တို့အတွက် နိုင်ငံရေးထွက်ပေါက်ရခြင်းပင်ဖြစ်သည့်အတွက် ကျွန်ုပ်တို့ကြောင့် တပ်မတော်အပေါ် ဒေါသမီးများတောက်လောင်လာခဲ့သည့် ပြည်သူလူထုနှလုံးသားအတွင်းမှ ဒဏ်ရာဒဏ်ချက် ဒေါသမီးများကို ကျွန်ုပ်တို့ကိုယ်တိုင် ငြိမ်းသတ်နိုင်ရန်အလို့ငှာ ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေး၊ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်များကို စွန့်လွှတ်ပြီး တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်သော အမျိုးသားသင့်မြတ်ရေးကို တပ်မတော်အား မဏ္ဍိုင်ပြု၍ ဆက်လက်တည်ဆောက်သွားနိုင်ရန်အတွက်လည်းကောင်း။

နှစ်ပေါင်း (၂၀)နီးပါး ပြည်ပနိုင်ငံအသီးသီးသို့ တိမ်းရှောင်ရောက်ရှိနေသော ညီအစ်ကိုတော်လုပ်ဖော်ကိုင်ဖက်များ (ယနေ့ဆိုလျှင် အသိပညာရှင်၊ အတတ်ပညာရှင်ဖြစ်နေသူများ) ဂုဏ်သိက္ခာရှိရှိဖြင့် အမိမြေသို့ ပြန်လည်ဝင်ရောက်ကာ မိမိတို့ခင်းကျင်းဖောက်လုပ်ထားသော လမ်းကြောင်းပေါ်သို့ မိမိတို့နှင့်အတူ လက်တွဲ၍ တိုင်းကျိုးပြည်ကျိုးများ ဆောင်ရွက်နိုင်ရန်နှင့် အကျဉ်းထောင်အသီးသီးတွင် အကျဉ်းချခံထားရသော မိမိတို့၏လုပ်ဖော်ကိုင်ဖက်များကိုလည်း အမြန်ဆုံးလွတ်မြောက်စေကာ ဒီမိုကရက်တစ် လူ့ဘောင်အဖွဲ့အစည်း ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့နှင့်အတူ လက်တွဲ၍ တိုင်းကျိုး ပြည်ကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ရန်အတွက် ရည်ရွယ်ကာ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီကို ထူထောင်ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ မူဝါဒလမ်းစဉ်

ကျွန်ုပ်တို့သည် ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေး၊ အလုံးစုံပျက်သုဉ်းရေးမူဝါဒလမ်းစဉ်များဖြင့် တပ်မတော်အစိုးရကို ပြည်သူလူထုနှင့် ရန်တိုက်ပေးခဲ့ပြီး ပြည်သူလူထုရင်ထဲ၌ ဒဏ်ရာဒဏ်ချက်များ ရရှိစေကာ ဒေါသမီးများတောက်လောင်စေခဲ့ပြီး ထိုဒေါသမီးကို အသုံးချလျက် တပ်မတော်ကို ရန်ပြု၍ အနိုင်ရရှိခဲ့သည့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်မှာ တိုင်းပြည်နှင့် ပြည်သူလူထုအတွက် ဆိုးကျိုးများသာလျှင် ဖြစ်ပေါ်စေခဲ့ကြောင်းကို လက်တွေ့သင်ခန်းစာရယူပြီး အမျိုးသားအချင်းချင်း၊ သင့်မြတ်ရေးမရှိသမျှ ကာလပတ်လုံး မည်သည့်ပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်း၊ ဝါဒစနစ်မျိုးကမှ ပြည်သူလူထု၏ ဒုက္ခအပေါင်းကို ကယ်တင်နိုင်လိမ့်မည်မဟုတ်ဟု ယုံကြည်ပါတယ်။

ထို့ကြောင့် ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးကို လျစ်လျူရှုခြင်း မပြုသည့် အမျိုးသားသင့်မြတ်ရေးကို ကျွန်ုပ်တို့၏ မူဝါဒအဖြစ်ချမှတ်လျက် လက်ဝဲလက်ယာ အစွန်းရောက် အယူအဆများကို မကျင့်သုံးဘဲ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဖြင့် ကျင့်သုံးသွားမည်ဖြစ်ပါတယ်။ တစ်ဦးကောင်း တစ်ယောက်ကောင်း မူဝါဒလမ်းစဉ်ကို လက်မခံဘဲ ပါတီတွင်း ဒီမိုကရေစီကျင့်စဉ်များကို လေးစားလိုက်နာသွားမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့သည် လူပုဂ္ဂိုလ်ပေါ်တွင် အခြေမခံဘဲ မူဝါဒလမ်းစဉ်များအပေါ် အခြေခံကာ တဖြည်းဖြည်းတရွေ့ရွေ့ပြောင်းလဲမှုဖြစ်စဉ်ဖြင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရက်တစ် လူ့ဘောင်သစ်အဖွဲ့အစည်းကို ရှင်သန်လာစေရန် ကြိုးပမ်းသွားမယ်။

တပ်မတော်နှင့် နိုင်ငံရေးပါတီအပေါ်ထားရှိသည့် မူဝါဒ

- ကျွန်ုပ်တို့သည် အမျိုးသားသင့်မြတ်ရေးအတွက် တပ်မတော်ကို မဏ္ဍိုင်ပြု၍ တည်ဆောက်သွားမှာဖြစ်ပြီး တပ်မတော်ကို ကျွန်ုပ်တို့၏ မိတ်ဆွေကောင်းအဖြစ် သဘောထားမယ်။
- ကျွန်ုပ်တို့နှင့် ရည်ရွယ်ချက်၊ ဦးတည်ချက်၊ မူဝါဒတူသည့် နိုင်ငံရေးအင်အားစုများနှင့် မိတ်ဆွေအဖြစ်သဘောထားကာ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအတွက် လက်တွဲဆောင်ရွက်သွားမယ်။
- ကျွန်ုပ်တို့နှင့် ရည်ရွယ်ချက်၊ ဦးတည်ချက်၊ မူဝါဒလမ်းစဉ် ကွဲပြားခြားနားသည့် နိုင်ငံရေးပါတီများကို ရန်သူအဖြစ်သဘောမထားဘဲ ကျွန်ုပ်တို့၏ ပြိုင်ဘက်သဖွယ် သဘောထားကာ တရားသဖြင့် ယှဉ်ပြိုင်သွားမယ်။
- ကျွန်ုပ်တို့သည် လွတ်လပ်စွာ ပြောဆိုဝေဖန်ခွင့်၊ ကိုးကွယ်ယုံကြည်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီရေးတို့အတွက် အခြေခံအုတ်မြစ်ဖြစ်သော ကျောင်းသားသမဂ္ဂများ၊ အလုပ်သမားသမဂ္ဂများ၊ လယ်သမားသမဂ္ဂများ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကဆောင်ရွက်သွားမည့် မူဝါဒထားရှိလျက် ထိုသမဂ္ဂများကို နိုင်ငံရေးပါတီများ၏ အသုံးချခံဘဝသို့ ရောက်ရှိမသွားစေရန် ကာကွယ်သွားမယ်။

လူငယ်မူဝါဒ

ကျွန်ုပ်တို့ပါတီတွင် အသက်(၁၈) နှစ် ပြည့်မြောက်ပြီးသူများကိုသာလျှင် ပါတီဝင်အဖြစ် လက်ခံသွားမှာဖြစ်ပြီး အသက် (၂၃)နှစ်အောက်ကို လူငယ်အဖြစ် သတ်မှတ်သွားမှာဖြစ်ပါတယ်။ လူငယ်များကို လက်တိုလက်တောင်းခိုင်းရန်မဟုတ်ဘဲ အနာဂတ်ကာလ ခေါင်းဆောင်မှုအခန်းကဏ္ဍ၌ တာဝန်ယူနိုင်ရန်အတွက် ပြုစုပျိုးထောင်သွားမှာဖြစ်ပါတယ်။ အသက်(၂၃)နှစ်ထက်ကျော်လွန်ပါက ပါတီတွင်း လူကြီးလူငယ်မခွဲခြားဘဲ အရည်အချင်းရှိလျှင် ရှိသည့်အလျောက် ဒီမိုကရေစီနည်းလမ်းအရ တာဝန်များကို ရယူနိုင်စေရန်။

တိုင်းရင်းသားရေးရာမူဝါဒ

ကျွန်ုပ်တို့သည် လူများစု၏ ဆန္ဒများကို လေးစားလိုက်နာပြီး လူနည်းစုဆန္ဒကိုလည်း လျစ်လျူရှုခြင်းမရှိသည့် ဒီမိုကရေစီကျင့်စဉ်များကို အစဉ်လေးစားလျက် ပြည်သူလူထုကြား၌လည်း ရှင်သန်လာစေရန်အတွက် ကြိုးပမ်းသွားမှာဖြစ်ပြီး အသားအရောင် လူမျိုးရေး၊ ဘာသာရေးခွဲခြားခြင်း မရှိသော်လည်း လူနည်းစု တိုင်းရင်းသားလူမျိုးစုများ၏အရေးကို အထူးဦးစားပေးသည့်မူဝါဒကို ထားရှိသွားပါမယ်။



နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးဟာ အတိတ်သမိုင်းကို ဝေဖန်ဆန်းစစ်မှုမရှိဘူးဆိုရင် အတိတ်ကမှားခဲ့ဖူးတဲ့ ကြမ္မာဆိုးကို လက်ယပ်ခေါ်နေသလို ဖြစ်တတ်တယ်။

အတိတ်ကဖြစ်ခဲ့တဲ့ နိုင်ငံရေးပဋိပက္ခဖြစ်စဉ်ရဲ့ တရားခံအစစ်ဟာ ငါဆိုတဲ့အတ္တတွေ လွန်ကဲခဲ့ကြလို့ပဲ ဖြစ်ပါတယ်။

အဲဒီ လွန်ကဲတဲ့ အတ္တတွေကြောင့် တိုင်းပြည်နဲ့လူမျိုးအတွက် ဘယ်လိုမှ ပြန်လည်အစားထိုးမရနိုင်တဲ့ ဆုံးရှုံးနစ်နာမှုတွေ ဖြစ်ခဲ့ရတယ်။

ဆရာဝန်တစ်ယောက်ဆေးထိုးမှားတာ၊ ဆေးမှားတာဟာ လူနာတစ်ယောက်တည်းသာလျှင် သေနိုင်တယ်။ နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ရဲ့အမှားဟာ လူအသက်ပေါင်း၊ ဘဝပေါင်းများစွာကို သေကျေပျက်စီးစေနိုင်တဲ့အတွက် အတ္တကြီးနေသူတွေကို မီးလောင်ရာလေပင့်မလုပ်ဖို့ တောကြောင်တွေ လက်ခမောင်းခတ်လို့မရအောင် အမြော်အမြင်ရှိရှိ မဲပေးကြဖို့ပဲလိုပါတယ်။

မကြာမီကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲဟာ အမတ်နေရာ (၄၈)နေရာအတွက် ကျင်းပတဲ့ရွေးကောက်ပွဲဖြစ်လို့ ရာခိုင်နှုန်းအားဖြင့် အလွန်နည်းပါးတယ်၊ ဒါပေမယ့် နိုင်ငံရေးအရကတော့ အလွန့် အလွန်ကို အရေးပါပါတယ်။ ဘာ့ကြောင့်လဲဆိုရင် အားလုံးပါဝင်လာတဲ့နိုင်ငံရေးဖြစ်စဉ် ဖြစ်နေလို့ပဲဖြစ်ပါတယ်။

ဖျက်သိမ်းခံရတဲ့ NLD အပါအဝင် ဖျက်သိမ်းခံရတဲ့ ကျွန်တော်တို့မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီလည်းပဲ ပါဝင်လာနိုင်ခဲ့တဲ့အတွက်ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီ မြေပေါ်မှာ ဂုဏ်သိက္ခာရှိရှိ ပြန်လည်ရပ်တည်နိုင်ခဲ့တဲ့အတွက် ပြည်ပမှာ ရောက်ရှိနေတဲ့ ကျွန်တော်တို့ရဲ့ခေါင်းဆောင်ဟောင်း မိုးသီးဇွန်အပါအဝင် လူ့ ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ (ABSDF)ကျောင်းသားတပ်မတော်စတဲ့ ကျောင်းသားခေါင်းဆောင်အဖွဲ့နဲ့ ယနေ့ နိုင်ငံတော်အစိုးရက မတရားအသင်းကြေညာထားတာတွေကိုဖျက်သိမ်းပြီး တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်နေကြပြီဖြစ်ပါတယ်။

ငါဆိုတဲ့အတ္တတွေ ရှေ့တန်းမတင်ဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အဓိကထား ဦးစားပေးမယ်ဆိုရင် မြန်မာနိုင်ငံရေးတည်ငြိမ်လာမယ်။ နိုင်ငံရေးတည်ငြိမ်မှ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတွေ ရရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် မကြာမီကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲဟာ နိုင်ငံရေးအရ နိုင်ငံအသီးသီးက ခေါင်းဆောင်တွေပြောနေကြတဲ့ အားလုံးပါဝင်နိုင်တဲ့ နိုင်ငံရေးဖြစ်စဉ်ဖြစ်ဖို့ ပြည်သူလူထုရဲ့ဆုံးဖြတ်ချက်ဟာ အနာဂတ်မြန်မာနိုင်ငံရေးကို ကြီးမားတဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်လာမှာဖြစ်တဲ့အတွက် အခုကျွန်တော်တို့ပါတီဝင်ရောက်ယှဉ်ပြိုင်တဲ့ လှည်းကူးမြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ သုံးခွမြို့နယ်မှာ ကျွန်တော်တို့ပါတီကို လွှတ်တော်ထဲမှာ ပါဝင်လာနိုင်ဖို့ မဲပေးဖို့လိုပါတယ်။

ဒီမိုကရေစီနုနယ်သေးတဲ့ မြန်မာနိုင်ငံရေးမှာ အုပ်စုနှစ်စုအားပြိုင်မှုအပေါ်မှာ အခြေခံထားလို့ မတည်ငြိမ်နိုင်ဘူးဆိုတာ အတိတ်က ပဋိပက္ခဖြစ်စဉ်တွေကို ဆန်းစစ်ကြည့်ရင်သိမြင်နိုင်ပါတယ်။ အုပ်စုနှစ်စုအားပြိုင်မှုမှာ မြန်မာ့နိုင်ငံရေးဟာ ဘယ်တော့မှ မတည်ငြိမ်နိုင်ဘူးလို့ ပြောနိုင်ပါတယ်။ မြန်မာ့နိုင်ငံရေးကို အားပြိုင်နေတဲ့ ဘက်နှစ်ဖက် ဒေါက်နှစ်ဒေါက်တည်း တည်ငြိမ်အောင်မလုပ်နိုင်လို့ ဒေါက်သုံးဒေါက်ဖိုခနောင့်ဆိုင် ထောက်ကန်ပေးနိုင်မှသာ မြန်မာ့နိုင်ငံရေးတည်ငြိမ်နိုင်မှာဖြစ်တယ်။

ဒါ့ကြောင့် ဒီမိုကရေစီလူ့အခွင့်အရေးတွေအတွက် အဆက်မပြတ်ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့ပြီး သမိုင်း (Process) ကွင်းဆက်ရှိတဲ့ပါတီ၊ အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် အမြော်အမြင်ရှိရှိ ရှေ့တန်းက ဦးဆောင်ကြိုးပမ်းခဲ့တဲ့ လူ့ဘောင်သစ်ပါတီကို သုံးပွင့်ဖိုခနောင့်ဆိုင် နောက်ထပ် ဒေါက်တစ်ဒေါက်အဖြစ် ရွေးချယ်ပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

ကျွန်တော်တို့လိုလားတဲ့ ဒီမိုကရေစီစနစ်ဆိုတာ တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ပြည်သူ့အကျိုးစီးပွားအတွက် အပြိုင်အဆိုင်လုပ်နိုင်ဖို့ အပြန်အလှန် (Check & Balance) ထိန်းကျောင်းနိုင်ဖို့ ကျွန်တော်တို့အတွက် ဒီမိုကရေစီကို ကြိုးပမ်းခဲ့တာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ယှဉ်ပြိုင်တဲ့ (၃) နေရာမှာ အနိုင်ရတာနဲ့ အဲဒီအင်အားကြီးတောကြောင်တွေ ဝန်းရံနေတဲ့ နိုင်ငံရေးပါတီတွေကို ပြည်သူလူထုကိုယ်စားထိန်းကျောင်းသွားနိုင်မှာဖြစ်တဲ့အတွက် ကိုယ့်ဒေသတစ်ခုတည်းအတွက်သာမက တိုင်းပြည်နဲ့ပြည်သူလူထုအတွက် အကျိုးစီးပွားဖြစ်စေမယ်လို့ အာမခံပါတယ်။

ပြည်ပနိုင်ငံအသီးသီးမှာရောက်ရှိနေတဲ့ ကျွန်တော်တို့ညီအစ်ကိုတော် လုပ်ဖော်ကိုင်ဖက်များ အမိမြေသို့ ဂုဏ်သိက္ခာရှိရှိ ပြန်ရောက်လာနိုင်တာကို မြင်ချင်ရင် ကျွန်တော်တို့ မြန်မာ့လူ့ဘောင်သစ်ကို မဲပေးပါ။

အကျဉ်းထောင်တွေထဲမှာ ကြွင်းကျန်နေသေးတဲ့ လုပ်ဖော်ကိုင်ဖက်တွေ အမြန်ဆုံးပြန်လည်လွတ်မြောက်စေလိုလျှင် လူ့ဘောင်သစ်ကို မဲပေးပါ။

ဘက်နှစ်ဖက်အားပြိုင်နေတဲ့ မြန်မာနိုင်ငံရေးကို တည်ငြိမ်စေလိုလျှင် လူ့ဘောင်သစ်ကို မဲပေးပါလို့ ပြောကြားရင်းနိဂုံးချုပ်ပါတယ်။

ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်ကြသော ဦးအောင်သန်း-ဒေါ်စောခင်နှင့် သား ဦးအောင်စိုးတို့အားရည်စူး၍ ရန်ကုန်မြို့ အမှတ်(၁၀) ကျောင်းလမ်းတောင်လုံးပြန်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်နေ သားသမီး မောင်နှမတစ်စုတို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ထာဝရ နဝကမ္မပဒေသာ ပင်အတွက် ငွေကျပ်တစ်သိန်းခွဲကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးဝင်းလွင်ထံ လှူဒါန်းစဉ်။
(မြန်မာ့အလင်း)

အမှာစကားပြောကြား

တနင်္သာရီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ထားဝယ်ခရိုင် မြေပုံရေးဆွဲနည်း ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၁၂) ကို ဖေဖော်ဝါရီ ၂၇ ရက်က တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၌ကျင်းပရာ တိုင်းဒေသကြီးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဌေး အမှာစကားပြောကြားစဉ်။ (၁၅၂)

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း(၈)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ဆောင်ရွက်

နေပြည်တော် မတ် ၁၄

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၃၃)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ လွှတ်တော်သို့ အသိပေးခြင်း၊ မေးခွန်း(၈)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခုအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမျိုးသားလွှတ်တော်က **အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကြမ်း**ကို မတ် ၁၂ ရက်တွင် ပြင်ဆင်ချက်များဖြင့်ပြန်လည်ပေးပို့ထားကြောင်း၊ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေဖြင့် ဆွေးနွေးလိုသည့် အကြောင်းအရာဖော်ပြထားသော အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားပေးပို့ရန်ဖြစ်ကြောင်းသိရသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ ၌ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ **မြန်မာ့ရိုးရာပန်းပညာရှင်များအစည်းအရုံးကို ဒီမိုကရေစီနည်းကျကျ အများဆန္ဒသဘောဖြင့် မဲပေးရွေးချယ်ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ ၊ ပန်းချီပြပွဲများကျင်းပရာ၌ ပါဝင်သူပန်းချီဆရာတိုင်း၏ ကိုယ်ရေးအကျဉ်းများကို တင်ပြရာတွင် အခက်အခဲရှိသဖြင့် တာဝန်ခံကျင်းပသူ ပန်းချီဆရာအပေါ် ထိုက်သင့်သလောက် စည်းကမ်းချက်များကို လျှော့ပေါ့ပေးရန်ဖြစ်နိုင်/မဖြစ်နိုင်၊ ပန်းပုလောကတိုးတက်လာစေရန်အတွက် ပန်းပုပညာရှင်များ အစည်းအရုံးကို သီးခြားဖွဲ့စည်းပေးရန်ဖြစ်နိုင်/မဖြစ်နိုင်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က မြန်မာ့ရိုးရာပန်းပညာရှင်များ အစည်းအရုံးတွင် လက်ရှိတာဝန်ယူထားသော အလုပ်အမှုဆောင်အဖွဲ့အစည်းမှာ ၂၀၀၇ ခုနှစ် ဇွန်လက ကျင်းပခဲ့သော ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးမှ ရွေးချယ်တင်မြှောက်ခဲ့သော အဖွဲ့အစည်းဖြစ်ပါသဖြင့် ယနေ့အချိန်တွင် တာဝန်ထမ်းဆောင်သည့်ကာလ (၄)နှစ်နှင့်(၇)လရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် (၄) နှစ်လျှင် တစ်ကြိမ်ကျ ရွေးချယ်တင်မြှောက်သည့် ဖွဲ့စည်းပုံစည်းမျဉ်းအရ သတ်မှတ်ချိန် ကျော်လွန်ခဲ့ပြီးဖြစ်သဖြင့် ၂၀၁၂ ခုနှစ် မတ်လတွင် ဒုတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေးကို ပြန်လည်ခေါ်ယူပြီး အလုပ်အမှုဆောင်အသစ်များကို ဒီမိုကရေစီနည်းကျကျ အများဆန္ဒသဘောထားဖြင့် ရွေးချယ်ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ပန်းချီပြပွဲများတွင် ပါဝင်ရေးဆွဲသူပန်းချီဆရာများ၏ကိုယ်ရေးအကျဉ်းများမှာ အမည်၊ အဖအမည်၊ အသက်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ပန်းချီကားအရေအတွက်၊ ပန်းချီကားအမည်စာရင်း စသည့်အကြောင်းအရာများသာဖြစ်ပြီး ယင်းသို့ တောင်းခံရခြင်းမှာလည်း ပန်းချီပြပွဲအတွက် လိုအပ်သည်များ ဆက်သွယ်ဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းအရ တောင်းခံခြင်းသာဖြစ်ပါကြောင်း၊ အဆိုပါ အချက်အလက်များမှာ ပန်းချီပြပွဲတစ်ခုကို စနစ်တကျပြသနိုင်ရေးအတွက် အထောက်အကူပြုသော အချက်အလက်များသာဖြစ်ပါကြောင်း၊ အကယ်၍ စည်းကမ်းချက်များကို လျှော့ပေါ့ပေးရမည်ဆိုပါက ပန်းချီကား အရေအတွက်နှင့် ပန်းချီကားအမည်စာရင်းများကို ကြိုတင် တင်ပြရန် အခက်အခဲရှိပါက ယင်းအချက်ကိုထည့်သွင်းတင်ပြရန်မလိုဘဲ လျှော့ပေါ့ဆောင်ရွက်ပေးနိုင်ပါကြောင်း။

တတိယမေးခွန်းနှင့်စပ်လျဉ်း၍ ၁၉၉၂ ခုနှစ်တွင် မြန်မာနိုင်ငံ ရိုးရာပန်း(၁၀)မျိုး ပညာရှင်များ ပါဝင်သည့် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ကို ဖွဲ့စည်းခဲ့ပြီး ပန်း(၁၀)မျိုးပညာရပ်များ တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပန်း (၁၀)မျိုးပညာရှင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ပန်းပုလောကတိုးတက်စေရန် နိုင်ငံတော်အဆင့်ရိုးရာပန်းပုပြပွဲ၊ ပြိုင်ပွဲများကိုလည်း ဗဟိုကဦးစီးပြီး အခါအားလျော်စွာ ကျင်းပပေးလေ့ရှိခဲ့ပါကြောင်း၊ ဗဟိုအစည်းအရုံးသည် ပန်းပုလောကသာမက ကျန်ရိုးရာပန်းပညာရပ်များကိုပါ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအမံဖြင့် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ အစဉ်အလာအားဖြင့် ရိုးရာပန်း(၁၀)မျိုးပညာရပ်သည် တစ်ခုနှင့်တစ်ခုချိတ်ဆက်နီးနွယ်လျက်ရှိသော်လည်း ပန်းပုလောကတိုးတက်ရေးအတွက် ပန်းပုပညာရှင်များအစည်းအရုံးကို သီးခြားဖွဲ့စည်းပေးရန် ကိစ္စနှင့်ပတ်သက်၍ ပန်းပုလောကသားများ၏ဆန္ဒအရသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာမေးခွန်း(၃)ခုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်က ပြန်လည်ဖြေကြားသည်။

ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ပုသိမ်-ငပုတောလမ်းပေါ်ရှိ သက္ကယ်ချောင်းမြစ်ကူးတံတား ရေလယ်တိုင်အကျယ်ပေ(၂၄၀)အဖြစ် ပြောင်းလဲပြင်ဆင်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သက္ကယ်ချောင်းတံတား၏ ရေလမ်းကင်းလွတ်အမြင့်အား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့နှင့်ညှိနှိုင်း၍ သုံးထပ်သင်္ဘောများလွတ်ကင်းအောင် ပေ(၄၀)ထားရှိဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံခြားသုံးငွေသက်သာစေရေး၊ အချိန်တိုအတွင်း ပြီးစီးရေးအတွက် ပြည်တွင်းမှ အရှည်ဆုံးထုတ်လုပ်နိုင်သောသံမဏိ ရက်မများအသုံးပြု၍ ရေလယ်တိုင် အကျယ်အား ပေ(၁၂၀)ဖြင့်လည်းကောင်း၊ သင်္ဘောများအစုန်အဆန်သွားလာနိုင်အောင် ရေလမ်းကြောင်း နှစ်ပေါက်ထားရှိ၍လည်းကောင်း စီစဉ်ခဲ့ပါကြောင်း။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်ရေနက်ဆိပ်ကမ်း၊ အထူးစီးပွားရေးဇုန်စီမံကိန်းများအား ဆောင်ရွက်ရန်စီစဉ်လျက်ရှိရာ ပုသိမ်မြို့သို့ ဝင်ပေါက်တစ်ခုဖြစ်သော သက္ကယ်ချောင်းအတွင်းတိုးတက်များပြားလာမည့် ခေတ်မီသင်္ဘောကြီးများကို ရည်ရွယ်ပြီး သက္ကယ်ချောင်းတံတား၏ ရေလယ်ခန်းဖွင့်အား မူလပေ(၁၂၀)မှပေ(၂၄၀) အကျယ် သံပေါင်တံတားအဖြစ် တည်ဆောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင်၏ **ချီဖွေ-ဆော့လော်မော်တော်ကားလမ်း အရှည် (၃၄) မိုင်ကို ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်အတွင်းရှိ ချီဖွေ-ဆော့လော်လမ်းပိုင်းသည် ချီဖွေ-ဆော့လော်-မန်ကျီ-ဝဲလ်တန်လမ်းတွင်ပါဝင်ပြီး (၃၅)မိုင် ရှည်လျားပါကြောင်း၊ ၃၁-၅-၂၀၁၁ရက် အထိ လမ်းအခြေအနေမှာ အမာခံလမ်း(၁၅)မိုင်၊ မြေလမ်း မိုင်(၂၀) စုစုပေါင်း(၃၅)မိုင်ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ရာသီမရွေးလမ်းချောမွေ့စွာ သွားလာနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မူလအမာခံလမ်း(၁)မိုင် (၄)ဖာလုံအား(၁၂)ပေအကျယ် ကတ္တရာလမ်းဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း (၂၅၀) လျာထားတင်ပြထားပါကြောင်းနှင့် အမာခံလမ်းအဆင့်သို့ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်-မိုင်းခုတ်-မိုင်းဆတ် လမ်းပေါ်ရှိ နမ့်လုံချောင်းဖြတ်ကူးသည့်(၁၂)ပေအကျယ်၊ ပေ(၂၄၀) အရှည်(၁)လွှာ (၁)ထပ်ဘေလီတံတားသည် ဟောင်းနွမ်းယိမ်းယိုင်နေပြီဖြစ်ပါသဖြင့် ရေတိုက်စားခြင်းမှကာကွယ်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ၎င်းတံတားအား ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပြီးနောက်တစ်နှစ်တွင် နမ့်လုံချောင်းရေကြီးမှုဖြစ်ပေါ်ခဲ့ရာ တံတား၏ဝမ်ပုံရွာဘက်ခြမ်းရှိ ရေလယ်တိုင် ရေဆန်ဘက်အပိုင်းမှာ နိမ့်ကျသွားခဲ့ပါကြောင်း၊ တံတား၏ရေလယ်တိုင် နိမ့်ကျမှုကြောင့် အောက်ခံကွန်ကရစ်နှင့် ဘေလီတံတားကြား ဟသွားသည့်နေရာ၌ သစ်မာတုံးများဖြင့်ခုပေးခဲ့ရာ ၂၀၀၄-၂၀၀၅ ခုနှစ်၌ (၆)လက်မထု ခန့်ခုပေးပြီး ယခုနှစ်၌ (၁)ပေ (၃)လက်မထုခန့်အထိခု၍ ပြင်ဆင်ပေးခဲ့ရပါကြောင်း။

၂၀၀၄-၂၀၀၅ ခုနှစ်တွင် နမ့်လုံချောင်းရေကြီးမှုမှာ များပြားကြီးမားခဲ့ပြီး တံတားအထက် (၃)ဖာလုံကျော်အကွာမှစ၍ ရေလမ်းကြောင်းများပြောင်း၍ စီးဆင်းခဲ့ပါကြောင်း၊ ဂ ငယ်ပုံရေစီးဆင်းခဲ့မှုမှာ တံတားအထက်(၃) ဖာလုံကျော်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တံတားနှင့်သက်ဆိုင်ခြင်းမရှိသော်လည်း တံတားအဝင် ရေလမ်းကြောင်းဖြောင့်စေရန်အတွက် မိုင်းဖြတ်မြို့နယ် ဆောက်လုပ်ရေးက ၂၀၀၈ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၀ ပြည့်နှစ်တွင်တစ်ကြိမ် မြေတူးစက်ဖြင့်တူးဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

တံတားအဝင် ရေလမ်းကြောင်းဖြောင့်ခြင်းလုပ်ငန်းအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝမ်ပုံဘက်အပိုင်း၌ တံတားရေလယ်တိုင် ပြန်လည်တည့်မတ်၍ ပြုပြင်ဆောက်လုပ်ခြင်းအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းရန်ပုံငွေ တင်ပြတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် မေးမြန်းစဉ်။ (သတင်းစဉ်)

ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇောင်းခေါင် မေးမြန်းစဉ်။ (သတင်းစဉ်)

မိုင်းဖြတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော် မေးမြန်းစဉ်။ (သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာမေးခွန်း(၄)ခုနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ပြန်လည်ဖြေကြားသည်။

လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘငွေး၏ **လေးမျက်နှာမြို့တွင် လိုအပ်လျက်ရှိသော လူ(၁၀၀၀)ဆံ့ မြို့နယ်ခန်းမတည်ဆောက်ပေးနိုင်မှုအခြေအနေ ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိတွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းရှိ အစည်းအဝေးခန်းမကို မြို့နယ်ခန်းမဆောင်အဖြစ် အသုံးပြုလျက်ရှိပြီး အလျား(၁၄၇) ပေ၊ အနံပေ(၇၀)၊ အမြင့်(၁၉)ပေရှိ တစ်ထပ်သံကူကွန်ကရစ် မြို့နယ်ခန်းမဆောင်အသစ် ဆောက်လုပ်ပါက ခန့်မှန်းကုန်ကျငွေမှာ ငွေကျပ်(၂၀၃ ဒသမ ၅)သန်းခန့်ဖြစ်ပါကြောင်း၊ ခန့်မှန်း ကုန်ကျငွေမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် လုံလောက်မှုမရှိခြင်း၊ လက်ရှိတွင်လည်း မြို့နယ်ခန်းမဆောင်တစ်ခုရှိပြီးဖြစ်ခြင်းတို့ကြောင့် မြို့နယ်ခန်းမအသစ် တည်ဆောက်ရေးလုပ်ငန်းကို ရန်ပုံငွေတိုးတက်ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင်၏ **ရိခေါဒါရ်မြို့နှင့် ဖလမ်းမြို့ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရိခေါဒါရ်မြို့သည် ရပ်ကွက် (၂)ခု၊ အိမ်ခြေ(၅၄၆)အိမ်၊ လူဦးရေ(၂၇၂၈)ဦး၊ တစ်နေ့ရေလိုအပ်ချက်မှာ ဂါလန်(၅)သောင်းခန့်ဖြစ်ပါကြောင်း၊ ရိခေါဒါရ်မြို့၏ လက်ရှိရေပေးရေးစနစ်မှာ စိမ့်စမ်းရေထွက်(၂)ခုမှရေသွယ်၍ ဂါလန် (၆၀၀)ဆံ့ အုတ်ရေကန် (၁၄)ခုဖြင့် နွေရာသီတွင် တစ်ရက်လျှင် ရေဂါလန်(၂၅၀၀၀)ဖြန့်ဝေပေးလျက်ရှိပြီး ရေပေးရေးလွှမ်းခြုံမှုမှာ (၅၀)ရာခိုင်နှုန်းရှိပါကြောင်း၊ မိုးရာသီတွင်တစ်ရက်လျှင် ရေဂါလန် (၅)သောင်းခန့်ဖြန့်ဝေပေးလျက်ရှိသဖြင့် (၁၀၀)ရာခိုင်နှုန်း လွှမ်းခြုံမှုရှိပါကြောင်း၊ ဆာကေးကျန်းရေထွက်သည် မြို့နှင့်(၇)မိုင်ခန့်ကွာဝေးခြင်း၊ နွေရာသီတွင်သာ ရေခက်ခဲခြင်းတို့ကြောင့် အမှတ်(၁)ရပ်ကွက်ရှိ ရိဒ်ရေကန်မှရေကို ရေတင်စက်နှင့်မောင်းတင်၍ ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ပေးပါက ရေလုံလောက်စွာရရှိနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များစေလွှတ်ပြီး မြေအောက်ရေရရှိရေး တိုင်းတာစက်များဖြင့် စမ်းသပ်တိုင်းတာလေ့လာမှုများပြုလုပ်၍ သောက်သုံးရေအတွက် ရေရရှိနိုင်ခြေရှိပါက စက်ရေတွင်းများတူးဖော်ပြီး တိုးချဲ့ရေဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်တိုးချဲ့ရေပေးရေးလုပ်ငန်းများကို နိုင်ငံတော်ထောက်ပံ့ငွေကျပ်(၁၀)သန်းဖြင့် (၁၈)HP အင်ဂျင်နှင့် ပန့်ဝယ်ယူတပ်ဆင်ခြင်း၊ ရေပိုက်လိုင်းပေ (၅၀၀၀)တိုးချဲ့သွယ်တန်းခြင်း၊ ဂါလန်(၅၀၀၀)ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း စသည့် လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးချိန်တွင် ရိခေါဒါရ်မြို့၏ ရေပေးရေးလွှမ်းခြုံမှုမှာ(၁၀၀)ရာခိုင်နှုန်းဖြစ်ပါကြောင်း။

ဖလမ်းမြို့သည် ရပ်ကွက်(၄)ခု၊ အိမ်ခြေ(၁၂၇၇)အိမ်၊ လူဦးရေ (၁၁၃၂၀)၊ တစ်နေ့ရေလိုအပ်ချက် ဂါလန် (၂ ဒသမ ၂၆)သိန်းခန့် ရှိပါကြောင်း၊ ဖလမ်းမြို့၏ လက်ရှိမြို့ ရေပေးရေးစနစ်မှာ စိမ့်စမ်းရေထွက် (၆)ခုမှ ရေသွယ်ပြီး ရေစုကန်(၅)ကန်မှ တစ်ဆင့် အိမ်သွယ်ရေတိုင် (၂၉၁)တိုင်၊ အများသုံးတိုင်(၁၃၄)တိုင်၊ အများသုံးရေကန်(၆)ကန်ဖြင့် နွေရာသီတွင်တစ်ရက်လျှင် ရေဂါလန်(၁ ဒသမ ၂)သိန်းခန့်ဖြန့်ဝေပေးလျက်ရှိကာ ရေပေးရေးလွှမ်းခြုံမှု(၅၃)ရာခိုင်နှုန်းရှိပါကြောင်း၊ မိုးရာသီတွင် တစ်ရက် ရေဂါလန်(၁ ဒသမ ၈)သိန်းခန့် ဖြန့်ဝေပေးလျက်ရှိသဖြင့် (၈၀)ရာခိုင်နှုန်းခန့်လွှမ်းခြုံလျက်ရှိပါကြောင်း။

ဖလမ်းမြို့ ဇာထီရ်ရေထွက်သည် မြို့မှ(၇/၄)မိုင်ကွာဝေးပြီး ဖလမ်း-ဟားခါးလမ်းမကြီး၏အထက်တွင်တည်ရှိသဖြင့် အဆိုပါရေထွက်မှ ရေသွယ်ယူရရှိနိုင်ရေးအတွက် ရေအရင်းအမြစ်လုံလောက်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ ထပ်မံ၍ရေအရင်းအမြစ်အသစ်များရှာဖွေခြင်းတို့ကို ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က အသေးစိတ်လေ့လာကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ရေရရှိနိုင်မှု ဖြစ်နိုင်ခြေအပေါ် ချင့်ချိန်၍ နှစ်အလိုက်အစီအမံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရှိအုပ်၏**အိမ်သုံးဆိုလာပြားများဝယ်ယူခြင်းအပေါ် တားမြစ်နေမှုများအား ဖြေရှင်းပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တစ်ဖက်နိုင်ငံမှ အိမ်သုံးဆိုလာပြားများမှာ နိုင်ငံတော်က တားမြစ်ကန့်သတ်ထားသည့် ပစ္စည်းမဟုတ်သဖြင့် တရားဝင်လုပ်ထုံးလုပ်နည်းနှင့်အညီ နယ်စပ်ကုန်သွယ်ရေးစခန်းများက သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းခွင့်ပြုနေသည့် ပစ္စည်းဖြစ်ပြီး ယခုလက်ရှိတွင်လည်း တရုတ်နိုင်ငံနယ်စပ် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် သွင်းကုန်လိုင်စင်ဖြင့် ခွင့်ပြုတင်သွင်းနေသည့်ပစ္စည်းဖြစ်ပါကြောင်း။

နယ်စပ်ဒေသများတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်းများကို စီးပွားဖြစ်ရောင်းချရန်အတွက်မဟုတ်ဘဲ မိမိအိမ်သုံးအတွက်

ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါ်စန္ဒာခင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဝယ်ယူခြင်းဖြစ်ပါက တစ်ကြိမ်လျှင်သယ်ယူဆောင်ရွက်ခွင့်ရှိသည့် ကုန်ပစ္စည်းအရေအတွက်နှင့် တန်ဖိုးကိုလည်းကောင်း၊ လူတစ်ဦးချင်းစီအတွက် ခွင့်ပြုပေးမည့် အရေအတွက်နှင့်တန်ဖိုးကိုလည်းကောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက သတ်မှတ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တစ်ဖက်နိုင်ငံမှ အိမ်သုံးဆိုလာပြားများ စီးပွားဖြစ်ရောင်းချရန်အတွက်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်ဝယ်ယူသုံးစွဲနေမှုအား စနစ်တကျဖြစ်စေရေးအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စီမံဆောင်ရွက်ပေးနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ၏ **နှစ်ပေါင်း(၈၀)ကျော် ကာလရှည်ကြာ အသုံးပြုနေသော အောက်ခြေသံတိုင်များ ကျိုးပဲ့နေသည့် နန်းတော်ကုန်းပြတိုက်သို့သွားရာ အဓိကလမ်းတံတားဖြစ်သော ရေပေါက်ဝတံတားကို ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြောက်ဦးမြို့လက်ကောက်ဈေးရပ်ကွက်နှင့် အလယ်ဈေးရပ်ကွက်ကို ဆက်သွယ်ထားသော ပြတိုက်လမ်းပေါ်ရှိ ရေပေါက်ဝတံတားမှာ အရှည်ပေ(၆၀)၊ အကျယ်(၁၄)ပေ၊ အမြင့်(၁၅)ပေရှိပြီး ၁၉၂၈ ခုနှစ်တွင် တည်ဆောက်ခဲ့ပါကြောင်း၊ အဆိုပါတံတားအား မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့သော်လည်း နှစ်ကာလကြာမြင့်မှုကြောင့် လက်ရှိအခြေအနေတွင် (၃)တန်အောက်ယာဉ်များသာ ဖြတ်သန်းသွားလာနိုင်ပြီး သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်ဆိုပါက ရန်ပုံငွေကျပ် (၆၅)သန်းခန့်ကုန်ကျမည်ဖြစ်ပါကြောင်း၊ ကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရေးလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေဝင်ဆံ့မှုအပေါ်မူတည်၍ နှစ်အလိုက် အစီအမံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍတွင် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့ခဲ့သည့် **လူမှုဖူလုံရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုတင်သွင်းပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၊ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုဆောင်ရွက်သည်။

ဥပဒေကြမ်းပါ အပိုဒ် ၁၊ အပိုဒ် ၃(င)၊ အပိုဒ် ၄(က)၊ အပိုဒ် ၅(က၊ င၊ ဇ)၊ အပိုဒ် ၇၊ အပိုဒ် ၈ (က)(၃၊ ၄၊ ၅၊ ၆၊ ၇)၊ အပိုဒ် ၉(ခ)၊ အပိုဒ် ၁၀(ခ)(၄၊ ၅)၊ အပိုဒ် ၁၁(က)နှင့် အပိုဒ် ၁၁(က)(၁၅)၊ အပိုဒ် ၁၂(က)(၆၊ ၇)၊ အပိုဒ် ၁၂(ခ)(၄)၊ အပိုဒ် ၁၃(င)(၂)၊ အပိုဒ် ၁၅(က)(၅)၊ အပိုဒ် ၁၇၊ အပိုဒ် ၂၀ (င)၊ အပိုဒ် ၂၁(ခ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၅နှင့် အပိုဒ် ၂၅ (ဂ)၊ အပိုဒ် ၂၇(က)၊ အပိုဒ် ၂၃၊ အပိုဒ် ၃၄၊ အပိုဒ် ၄၃ (က၊ခ)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅(ခ)၊ အပိုဒ် ၅၀၊ အပိုဒ် ၆၈၊ အပိုဒ် ၇၉(င)၊ အပိုဒ် ၈၁၊ အပိုဒ် ၈၄(က၊ စ)၊ အပိုဒ် ၈၅၊ အပိုဒ် ၈၇ (ဂ၊ ဃ)၊ အပိုဒ် ၉၁(က)၊ အပိုဒ် ၉၇၊ အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၃(က)တို့ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်းထားရှိရန်နှင့် ဥပဒေကြမ်းခေါင်းစဉ် အပိုဒ် ၁ (ခ၊ ဂ)၊ အပိုဒ် ၂ (င)၊ အပိုဒ် ၃(က)၊ အပိုဒ် ၅ (ဈ၊ ဉ၊ ဍ)၊အပိုဒ် ၈(က၊ ခ၊ ဂ)၊ အပိုဒ် ၁၀(ခ)(၂၊ ၈)၊ အပိုဒ် ၃၂၊ အပိုဒ် ၄၂ (က၊ ခ)၊ အပိုဒ် ၅၂(က)၊ အပိုဒ် ၅၃(ခ)၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆(ဂ)၊ အပိုဒ် ၅၇၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၆(က)(၁)၊ အပိုဒ် ၇၃(ဂ)၊ အပိုဒ် ၇၅(ခ)(၃)၊ အခန်း(၉)ခေါင်းစဉ်၊ အပိုဒ် ၈၆၊ အပိုဒ် ၈၇(က၊ ခ) တို့ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်းဆုံးဖြတ်ခဲ့ကြောင်း၊ **လူမှုဖူလုံရေးဥပဒေကြမ်း** တစ်ရပ်လုံးကိုပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း လွှတ်တော်က အတည်ပြု ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင်ရပ်နားပြီး အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို မတ်လ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် အစည်းအဝေး၌ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးခြင်း၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာနှင့် ကျောက်ဆည်မြို့နယ်တို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံအဆောက်အအုံများ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် (အပေါ်ပုံ)နှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ် (ကျောက်ဆည်)၏ ညမြင်ကွင်းအလှ (အပေါ် ဝဲပုံ)နှင့် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ပင်မသုံးထပ်ကျောင်းဆောင်သစ်ကြီး(ဝဲပုံ) တို့ကို တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ဒေသတွင်းရှိ ထူးချွန်သော လူငယ်လူရွယ်များ အဆင့်မြင့်နည်းပညာများ သင်ကြားတတ်မြောက်စေရန်အတွက် နည်းပညာတက္ကသိုလ်(မိတ္ထီလာ)ကို တည်ဆောက်ဖွင့်လှစ်ပေးထားသည်။

ဒေသတွင်းရှိ ကျောင်းသား ကျောင်းသူများ စီးပွားရေးပညာရပ်ဆိုင်ရာများ တတ်ကျွမ်းပြီး စာရင်းအင်းကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းစေရန်အတွက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်ကို တည်ဆောက်ဖွင့်လှစ်ပေးထားသည်။

15-3 (07).pmd 1 3/15/2012, 2:43 AM

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့ကျင်းပ

မေးခွန်း(၁၀)ခု မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်း၊ အဆို(၂)ခု ဆွေးနွေးခြင်းတို့ဆောင်ရွက်

နေပြည်တော် မတ် ၁၄

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၈၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၅)ဦးတို့က လျှပ်စစ်ကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၏ **"လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု၊ သုံးစွဲမှုများနှင့် ဆက်စပ်ဖြစ်ပေါ်လာခြင်းဆိုင်ရာ အကြောင်းအချက်များ"** မေးခွန်းနှင့်စပ်လျဉ်း၍ နေအိမ်အတွက် မီတာများ၊ ထရန်စဖော်မာများ လျှောက်ထားစဉ်ကပင် မိမိနေအိမ်အတွင်း၊ နေအိမ်ဝင်းအတွင်း တပ်ဆင်အသုံးပြုမည့် ဝန်အားပမာဏ ဝပ် သို့မဟုတ် မြင်းကောင်ရေကို ဖော်ပြရန် လိုပါကြောင်း၊ သို့မှသာ လျှောက်ထားသည့် ဝန်အားပမာဏအတိုင်း ဓာတ်အားပေးနိုင်ခြင်း ရှိ/မရှိကို ဓာတ်အားပေးမည့် ထရန်စဖော်မာ၊ ဓာတ်အားလိုင်းတို့၏ နိုင်နင်းမှု ရှိ/မရှိ အပေါ်စိစစ်၍ မီတာတပ်ဆင်ခွင့်ပြုခြင်း ဖြစ်ပါကြောင်း၊ ထို့နည်းတူ အသုံးပြုမည့်ဝန် သို့မဟုတ် မြင်းကောင်ရေအပေါ် မူတည်၍ တပ်ဆင်ထားသော ဝိုင်ယာကြိုး၊ မီးခလုတ်များမှ နိုင်နင်းမှု ရှိ/မရှိကိုလည်း စက်မှုဝန်ကြီးဌာန၊ လျှပ်စစ်စစ်ဆေးရေးဌာနမှ စစ်ဆေးပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိမှသာ ဓာတ်အားဆက်သွယ်ခွင့်ပြုပါကြောင်း။

ခွင့်ပြုထားသည့်ဝန် သို့မဟုတ် မြင်းကောင်ရေထက် ပိုမိုအသုံးပြုခဲ့လျှင် နေအိမ်အတွင်း တပ်ဆင်အသုံးပြုသည့် ဝိုင်ယာကြိုးများ မီးခလုတ်များ ဝန်အားပိုဖြစ်လာသည့်အတွက် အပူလွန်ကဲ၍ ဝိုင်ယာရှော့ဖြစ်ခြင်း၊ မီးလောင်ခြင်း၊ နေအိမ်တွင် တပ်ဆင်ထားသော မီတာနှင့် Service Wire များ ဝန်အားပိုအခြေအနေကြောင့် ချို့ယွင်းလောင်ကျွမ်းမှုဖြစ်ပေါ်ခြင်း၊ ဖော်ပြပါနေအိမ်သို့ ဓာတ်အားပေးထားသော ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ဝန်အားပိုဖြစ်လာသည့်အတွက် ဗို့အားကျဆင်းမှုများ ပေါ်ပေါက်လာခြင်း၊ ဝန်အားပိုအခြေအနေကြောင့် ဓာတ်အားလိုင်းများပြတ်ကျခြင်း၊ ထရန်စဖော်မာများချို့ယွင်းခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေပါကြောင်း၊ ၎င်းမှတစ်ဆင့် ဓာတ်အားစနစ်ပါ ထိခိုက်ခြင်းကြောင့် ကြိုတင်ကာကွယ်မှုအနေဖြင့် ဓာတ်အားသုံးစွဲမှုများပြားသော လုပ်ငန်းသုံးပါဝါမီတာ ထရန်စဖော်မာ၊ စီတီမီတာများကို သတ်မှတ်ချက်ထားပြီး စစ်ဆေးဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

၁၉၉၀ ပြည့်နှစ် မတ် ၇ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် လျှပ်စစ်ဥပဒေ ၁၉၈၄ကို ပြင်ဆင်သည့် ဥပဒေတွင် လျှပ်စစ်ဥပဒေပုဒ်မ(၃၀)အား အောက်ပါပုဒ်မဖြင့် အစားထိုးရမည်ဟု ဖော်ပြထားရှိပါကြောင်း၊ ပုဒ်မ၃၀ မည်သူမဆို နိုင်ငံတော်ပိုင် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း၊ နိုင်ငံတော်ပိုင် လျှပ်စစ်ပစ္စည်းကိရိယာများအား သက်ဆိုင်ရာ နိုင်ငံတော်ပိုင်အဖွဲ့အစည်း၏ ခွင့်ပြုချက်မရရှိဘဲ အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်း၊ လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲခြင်း၊ သက်ဆိုင်ရာ နိုင်ငံတော်ပိုင်အဖွဲ့အစည်း၏ ခွင့်ပြုချက်မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ဆင့်ပွားဆက်သွယ်အသုံးပြုခြင်း၊ အထွေထွေအိမ်သုံးမီတာ သို့မဟုတ် အိမ်တွင်းသုံး ပါဝါမီတာမှတစ်ဆင့် သုံးခွင့်မရှိသော စီးပွားရေးလုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အားရယူသုံးစွဲခြင်း၊ စက်မှု လက်မှုသုံး ပါဝါမီတာကို ခွင့်ပြုဝန်အားထက် ကျော်လွန်အသုံးပြု၍ လျှပ်စစ်ဓာတ်အားရယူသုံးစွဲခြင်းတို့ကို ပြုလုပ်လျှင် ဤဥပဒေအရဖြစ်စေ၊ တခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တရားစွဲဆိုခြင်းခံရမည့်အပြင် ပျက်စီးဆုံးရှုံးသော လျှပ်စစ်ပစ္စည်းကိရိယာ၏ ကာလတန်ဖိုး သို့မဟုတ် ယင်းပြုလုပ်မှုကြောင့်ဖြစ်ပေါ်သော နစ်နာဆုံးရှုံးမှုအတွက် လုပ်ထုံးလုပ်နည်းအရ သတ်မှတ်ထားသည့်ငွေကြေးကို သက်ဆိုင်ရာနိုင်ငံပိုင်အဖွဲ့အစည်းသို့ လျော်ကြေးအဖြစ်ပေးဆောင်ရမည်ဟု အတိအလင်းဖော်ပြထားပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ "ဝန်အားပို" သုံးစွဲမှုများကို ဟန့်တားနိုင်ရန်အတွက် "ဝန်ပိုပြစ်ဒဏ်" သတ်မှတ်တောင်းခံခြင်းဖြစ်ပါကြောင်း၊ သို့သော် ၂၀၁၁ ခုနှစ် ဧပြီ ၁ရက်မှစ၍ အိမ်သုံးအတွက် တပ်ဆင်ထားသောမီတာများတွင် ဝန်ပိုပြစ်ဒဏ်ကောက်ခံခြင်းမရှိတော့ပါကြောင်း၊ သို့သော် ဝန်ပိုအသုံးပြုမှုကြောင့် မီတာလောင်ကျွမ်းမှုဖြစ်ပေါ်ကြောင်းစစ်ဆေးတွေ့ရှိရပါက "ဝန်ပို"အသုံးပြုမှုအတွက် လျော်ကြေးငွေနှင့်မီတာအသစ်အစားထိုး တပ်ဆင်ခများကိုမူ ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူတို့မှ ဝန်ပိုမဖြစ်ပေါ်စေရေးအတွက် လျှောက်ထားစဉ်က ဝန်အားထက်ပိုမိုသုံးစွဲမိခြင်းမဖြစ်စေရန်အတွက်လိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားတိုးချဲ့အသုံးပြုလိုပါကလည်း တိုးချဲ့တပ်ဆင်လိုသော ဝန်အားနှင့် ညီမျှသည့်မီတာအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ လဲလှယ်အသုံးပြုခွင့် လျှောက်ထားပါက ခွင့်ပြုဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် စနစ်တကျနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်သတ်မှတ်ဆောင်ရွက်ထားခြင်းဖြစ်ပါ၍ ပြည်သူတို့မှ "ဝန်ပို" မဖြစ်ပေါ်စေရေး လျှပ်စစ်သတိဖြင့် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ယခင်မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းလက်ထက်တွင် ဓာတ်အားမလုံလောက်မှု၊ မီတာရှားပါးမှုများကြောင့် မြို့ပေါ်စုပေါင်းအိမ်ရာ (ကွန်ဒိုမီနီယံ)များနှင့် ကျေးရွာများက လျှပ်စစ်ဓာတ်အား အသုံးပြုခွင့် လျှောက်ထားလာပါက ထရန်စဖော်မာ ပင်မမီတာ (Bulk or Main Meter)များဖြင့် ဓာတ်အားသုံးစွဲခွင့် ပြုခဲ့ပါကြောင်း၊ အိမ်အတွင်းရှိတိုက်ခန်းများနှင့် ကျေးရွာအတွင်းရှိ နေအိမ်များတွင် ဓာတ်အားလျှောက်ထားသူများ၏ အစီအစဉ်ဖြင့် ဖွဲ့စည်းထားသော မီးလင်းရေးကော်မတီများက Sub Meter များတပ်ဆင်စေခဲ့ပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ Main Meter သာ တပ်ဆင်ခဲ့ပါကြောင်း၊ အိမ်ရာအတွင်းရှိ တိုက်ခန်းများမှ စုစုပေါင်းသုံးစွဲယူနစ် သို့မဟုတ် ကျေးရွာအတွင်းရှိ နေအိမ်များမှ စုစုပေါင်းသုံးစွဲယူနစ်များမှာ Main Meterတွင် ဖတ်ရှုရရှိသော စုစုပေါင်းသုံးစွဲယူနစ်ထက် အမြဲလျော့နည်းနေသည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါ လျော့နည်းယူနစ်သည် အိမ်ရာများ၊ ကျေးရွာများအတွင်း Technical ကြောင့်ဖြစ်စေ၊ Non-Technical ကြောင့်ဖြစ်စေ လျော့နည်းပျောက်ဆုံးသည့် ယူနစ်များဖြစ်ပါကြောင်း။

ဝိုင်းဝန်းကူညီ

အထူးသဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးလုပ်ငန်းများ ခွင့်ပြုပေးရာတွင် ဗို့အားအဆင့်အလိုက်သတ်မှတ်ထားသည့် ကြိုးအမျိုးအစားနှင့် အရွယ်အစားများ အသုံးပြုရမည်ဖြစ်သော်လည်း အချို့မှာ သတ်မှတ်ကြိုးအမျိုးအစား အသုံးမပြုကြကြောင်းကို တွေ့ရှိရပါကြောင်း၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ပြီးမှ ဓာတ်အားလွှတ်ခွင့် တောင်းခံလာသည်များရှိ၍ ဝန်ကြီးဌာနအနေဖြင့် အများပြည်သူ စိတ်အနှောင့်အယှက် ဖြစ်မည်ဖြစ်၍ ခြွင်းချက်ဖြင့် ခွင့်ပြုခဲ့ရသည်များလည်းရှိပါကြောင်း၊ ယင်းသို့ စနစ်တကျ ဆောင်ရွက်မှုမရှိခြင်းကြောင့် ဓာတ်အားပျောက်ဆုံးမှုများ ဖြစ်ပေါ်ရပါကြောင်း၊ ထို့ကြောင့် ယခင်ကာလအခြေအနေအရပ်ရပ်အရ တည်ဆောက်ခဲ့ပြီးဖြစ်သော ဓာတ်အားလိုင်းများကိုလည်း အခြေအနေပေးပါက အသစ်လဲလှယ်ရန်လိုအပ်ပြီး အသစ်တည်ဆောက်မည့်သူများအနေဖြင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း တည်ဆောက်ပါက ဓာတ်အားပျောက်ဆုံးမှု လျော့နည်းသွားမည်ဖြစ်၍ ပြည်သူတို့မှလည်း ဝိုင်းဝန်းကူညီသင့်ပါကြောင်း။

ယခုအခါ အိမ်ရာများ၊ ကိုယ့်အားကိုယ်ကိုးကျေးရွာများက ထရန်စဖော်မာစတင်လျှောက်ထားစဉ်ကပင် အိမ်သုံးမီတာများကိုလည်း တစ်ပါတည်း ခွင့်ပြုတပ်ဆင်ပေးနေပြီဖြစ်ပါကြောင်း၊ ထိုသို့ အိမ်သုံးမီတာများကိုလည်း တစ်ပါတည်းတပ်ဆင်ခြင်းဖြင့် အိမ်သုံးမီတာမှ သုံးစွဲယူနစ်ဖတ်စေ၍ ဓာတ်အားခတောင်းခံခြင်းကို တစ်နိုင်ငံလုံး လိုက်နာဆောင်ရွက်စေလျက်ရှိပါကြောင်း၊ ပြည်သူတို့အနေနှင့်လည်း မိမိတို့ ဆောင်ရွက်သင့်သည်များကို စနစ်တကျလိုက်နာဆောင်ရွက်ပေးရန်နှင့် ဓာတ်အားခတောင်းခံမှု နည်းလမ်းများ ကွဲပြားနေသည်များ သိရှိပါကလည်း အမြန်သတင်းပေးပို့ရန် လိုအပ်ပါကြောင်း။

(၁၀)ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံသည့်ကိစ္စမှာ အိမ်ရာ၊ ကျေးရွာတို့နှင့် သက်ဆိုင်မှုမရှိပါကြောင်း၊ ကိုယ်ပိုင်ထရန်စဖော်မာတပ်ဆင်၍ ဓာတ်အားသုံးစွဲသူများနှင့်သာ သက်ဆိုင်ပါကြောင်း၊ ကိုယ်ပိုင်ထရန်စဖော်မာ တပ်ဆင်၍ ဓာတ်အားသုံးစွဲခွင့်လျှောက်ထားသူများအား ခွင့်ပြုမိန့်ထုတ်ပေးစဉ်ကပင် သုံးစွဲယူနစ်ကို အပြည့်အဝဖတ်ရှုနိုင်ရန်အတွက် နယ်နိမိတ်သတ်မှတ်နေရာဖြစ်သော ထရန်စဖော်မာ၏ အဝင်ဗို့အားမြင့်နေရာ၌ပင် (High Tension Meter-HT Meter) တပ်ဆင်ရန်ဖော်ပြခဲ့ပါကြောင်း၊ အဆိုပါ HT Meter တပ်ဆင်မှုသည် ကုန်ကျစရိတ်များပြားသဖြင့် တပ်ဆင်ခြင်းမပြုနိုင်ပါက ထရန်စဖော်မာ၏ ဗို့အားနိမ့် (Low Tension Side)တွင် LT Meter တပ်ဆင်စေပြီး ပိုင်းခြားနယ်နိမိတ် HT Side အထိ ဓာတ်အားသုံးစွဲမှုကာမိစေရန် ထရန်စဖော်မာအတွင်း ဓာတ်အားပျောက်ဆုံးမှုကို (၁၀)ရာခိုင်နှုန်းတိုး၍ ကောက်ခံခြင်း ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင် မေးမြန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အေး မေးမြန်းစဉ်။ (သတင်းစဉ်)

ကျေးရွာများ၌ ထရန်စဖော်မာတပ်ဆင်၍ ဓာတ်အားခကောက်ခံရာတွင် အိမ်သုံးမီတာများ မတပ်ဆင်နိုင်မီကာလ၌ ထရန်စဖော်မာမီတာမှ ဖတ်ယူရရှိသော ယူနစ်အတိုင်း တစ်ယူနစ်လျှင် (၂၅)ကျပ်နှုန်းဖြင့်သာ ကောက်ခံပါကြောင်း၊ တောင်သာမြို့နယ် သမက္ကူနှင့်ချောင်းဆုံကျေးရွာများသည် ၂၀၀၆ ခုနှစ် မတ်လ မီးလင်းရေးစတင်ခဲ့စဉ်က ထရန်စဖော်မာမိန်းမီတာမှ (၂၅)ကျပ်နှုန်းဖြင့် ကောက်ခံခဲ့သော်လည်း ၂၀၁၀ ခုနှစ် မတ်လမှ ၂၀၁၁ခုနှစ် မေလအထိ အိမ်သုံးမီတာခေါင်းစဉ်မှ ထရန်စဖော်မာမီတာများအား ကောက်ခံသော တစ်လုံးတစ်ခဲတည်းခေါင်းစဉ်သို့ စာရင်းပြောင်းလဲသွင်းမိရာမှ (၅၀) ရာခိုင်နှုန်းဖြင့် ကောက်ခံခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၁ခုနှစ် ဇွန်လမှစ၍ (၂၅)ကျပ်နှုန်းဖြင့် ပြန်လည်ကောက်ခံခဲ့ပြီး ပိုမိုကောက်ခံခဲ့သော ငွေများကိုစာရင်းခုနှိမ်၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး တာဝန်ရှိသူအဆင့်ဆင့်ကိုလည်း အရေးယူဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ အလားတူမှားယွင်းမှုများ မရှိစေရေးအတွက် ညွှန်ကြားချက်များထုတ်၍ စစ်ဆေးစေခြင်းများ ဆောင်ရွက်ထားပါကြောင်း။

တစ်ပြေးညီကောက်ခံ

ထို့ပြင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့စဉ်က မိမိကိုယ်ပိုင်ငွေဖြင့်ရပ်တည်ရန် သတ်မှတ်ထားသည်ဖြစ်၍ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကျေးရွာများတွင် အိမ်သုံးမီတာများအား အိမ်စေ့တပ်ဆင်မပြီးစီးမီ (Bulk Meter or Main Meter)များ တပ်ဆင်၍ ဌာနအနေဖြင့် ဆုံးရှုံးနစ်နာမှု မရှိစေရန်အတွက် ယာယီအားဖြင့် တစ်လုံးတစ်ခဲနှုန်း ယခင် (၅၀) ကျပ် ယခု(၇၅)ကျပ်နှုန်းဖြင့် ကောက်ခံခဲ့ပါကြောင်း၊ ၎င်းမီးလင်းရေးကျေးရွာများတွင် အိမ်သုံးမီတာများအားလုံး တပ်ဆင်ပြီးစီးပါက ယခင်(၂၅)ကျပ် ယခု(၃၅) ကျပ်နှုန်းဖြင့် အိမ်သုံးမီတာ တစ်လုံးချင်းအလိုက် ဓာတ်အားခများ ကောက်ခံခြင်းကို ဖျက်သိမ်းပြီး အခြားဓာတ်အားသုံးစွဲသူများနည်းတူ တစ်ပြေးညီကောက်ခံခဲ့ပါကြောင်း။

ယခုအခါ အိမ်သုံးမီတာများကို လျှောက်ထားသမျှ တပ်ဆင်ပေးနေသဖြင့် ကျေးရွာတွင်တပ်ဆင်လိုသမျှ မီတာများလျှောက်ထားရန်သာလိုအပ်ပါကြောင်း၊ အိမ်သုံးမီတာများအားလုံး တပ်ဆင်ပြီးစီးပါက တစ်ယူနစ်လျှင် (၂၅)ကျပ်၊ ယခု (၃၅)ကျပ်နှုန်းဖြင့် တစ်ပြေးညီကောက်ခံဆောင်ရွက်လျက်ရှိပါကြောင်း၊ နေအိမ်များ၌ တပ်ဆင်ထားသော အိမ်သုံးမီတာနှင့် စက်မှုလုပ်ငန်းသုံးမီတာများကို လစဉ်သီးခြားဖတ်ရှု၍ ငွေတောင်းခံရာတွင် အိမ်သုံးမီတာယူနစ်များအပေါ် တစ်ယူနစ်လျှင် ယခင်(၂၅)ကျပ်၊ ယခု(၃၅)ကျပ်နှုန်းနှင့် စက်မှုလုပ်ငန်းသုံးမီတာယူနစ်များအပေါ် တစ်ယူနစ်လျှင် ယခင်(၅၀)ကျပ်၊ ယခု (၇၅)ကျပ်နှုန်းဖြင့် သီးခြားတွက်ချက်ငွေတောင်းခံပါကြောင်း၊ အိမ်သုံးရိုးရိုးမီတာနှင့် ပါဝါမီတာတို့ (၂)ခုမှ သုံးစွဲယူနစ်များပေါင်းစပ်လျက် (၅၀)ကျပ်နှုန်း၊ ယခု (၇၅)ကျပ်နှုန်းဖြင့် ကောက်ခံမှုမရှိပါကြောင်းနှင့် သုံးစွဲသူများစာရင်းတွင်လည်း ခွဲခြားဖော်ပြထား၍ ပေါင်းစပ်ရန်မဖြစ်နိုင်ကြောင်း၊ သို့သော် အိမ်သုံးမီတာနှင့် စက်မှုသုံးမီတာ (၂)မျိုး အတူတကွတပ်ဆင်ထားသော အချို့မီးသုံးသူများသည် အိမ်သုံးလျှပ်စစ်ပစ္စည်းများအတွက် အိမ်သုံးမီတာမှသော်လည်းကောင်း၊ လုပ်ငန်းသုံးပစ္စည်းများအတွက် စက်မှုသုံးမီတာမှသော်လည်းကောင်း၊ သီးခြားစီ ဆက်သွယ်ဓာတ်အားရယူရမည်ဖြစ်သော်လည်း ရောထွေးရာဆက်သွယ်ဓာတ်အား ရယူအသုံးပြုနေခြင်း၊ တချို့ပါဝါနည်းသောလုပ်ငန်းသုံးလျှပ်စစ်ပစ္စည်းများအား စက်မှုသုံးရော အိမ်သုံး မီတာ(၂)မျိုးလုံးမှ ဓာတ်အားရယူအသုံးပြုနိုင်ရန် အထူးဆက်သွယ်ယူထားခြင်းများ ရှိနေပါကြောင်း၊ ထိုကဲ့သို့သော ဓာတ်အားအသုံးပြုသူများ၏ လုပ်ငန်းသုံး မီတာများတွင် မီတာယူနစ်များများတက်သည့် ဖြစ်စဉ်များလည်းရှိပါကြောင်း၊ ထိုဖြစ်စဉ်များတွင် မီတာဖတ်ရှုသူများ ဝေခွဲမရဖြစ်ပြီး လုပ်ငန်းသုံးမီတာများ၌ ယူနစ်အားလုံး ထည့်သွင်းသည့်ဖြစ်စဉ်များလည်း ဖြစ်ပေါ်နိုင်ပါကြောင်း၊ ထို့ကြောင့် ဓာတ်အားသုံးစွဲသူများအနေနှင့် အိမ်သုံးပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို သီးခြားစီဆက်သွယ် ဓာတ်အားရယူရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းများယွင်းမှု မရှိစေရေးအတွက် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် ဝန်ထမ်းများအား ဖွဲ့စည်းပုံခွင့်ပြုချက်အရသာ ခန့်ထားရခြင်းဖြစ်သဖြင့် မီးလင်းသည့်ကျေးရွာတိုင်းအတွက် အမြဲတမ်းဝန်ထမ်းတစ်ဦး ခန့်ထားပေးနိုင်ရန် အခက်အခဲများရှိပါကြောင်း၊ လက်ရှိတွင်လည်း လိုအပ်ပါက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းတစ်ဦးအား ကျေးရွာသို့ သွားရောက်၍ ဆောင်ရွက်စေခြင်း၊ ကျေးရွာတွင် တာဝန်ပေးအပ်ထားသော လျှပ်စစ်အခြေခံရှိသည့် ကျေးရွာသားများအား ကျွမ်းကျင်မှုသင်တန်းများပို့ချခြင်း၊ အသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်း၏ **"ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့နယ်ခွဲသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား သွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကာမိုင်းမြို့နယ်ခွဲသည် မိုးညှင်းခရိုင်အတွင်း တည်ရှိပြီး မိုးကောင်းမြို့နှင့်(၂၅)မိုင်ခန့်ကွာဝေးပါကြောင်း၊ ကာမိုင်းမြို့တွင် မီးသုံးစွဲသူ (၂၅၇)ဦးရှိပြီး မြို့ပေါ်ရပ်ကွက် (၇)ခုအား (၁၀၀)ကေဗွီအေ ကင်းမင်းဒီဇယ်ဖြင့် ညစဉ် ၆ နာရီခွဲမှ ၈ နာရီ ၄၅ မိနစ်အထိ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

ကာမိုင်းမြို့အား ဓာတ်အားပေးစနစ်မှ ဓာတ်အားပေးနိုင်ရန် မိုးကောင်း ၃၃/၁၁ ကေဗွီအေ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ၃၃ ကေဗွီဓာတ်အားလိုင်း (၂၅)မိုင် တည်ဆောက်၍ ကာမိုင်းမြို့တွင် ၃၃/၀ ဒသမ ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက် ဓာတ်အားပေးရမည်ဖြစ်ပြီး စုစုပေါင်း ငွေကျပ်သန်း (၆၀၀)ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

ထို့ပြင် မိုးကောင်းမှ ဖားကန့်ဒေသသို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်း၍ ဖားကန့်ဒေသ မီးလင်းရေးလုပ်ငန်းများ စီစဉ်လျက်ရှိနေရာ ကာမိုင်းမြို့နယ်သို့လည်း လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုနိုင်မှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၏ **"လျှပ်စစ်ဓာတ်အားခ ကောက်ခံမှုနှုန်းထားများ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် လျှပ်စစ်မီးရရှိရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် ရခိုင်ပြည်နယ် မီးလင်းရေးကြီးကြပ်မှုကော်မတီကို အဖွဲ့ဝင်(၁၈)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ ကြီးကြပ်မှုကော်မတီသည် မီးလင်းရေးဆောင်ရွက်ရာတွင် အဆင်ပြေစေရန်နှင့်ဓာတ်အားခကောက်ခံရာ၌ ဈေးနှုန်းထိန်းညှိဆောင်ရွက်ပေးရန် စသည့်တာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့များအား နိုင်ငံတော်မှ တစ်ရက်လျှင် (၂)နာရီနှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားပြီး မီးပေးချိန်(၂)နာရီအထက် တိုးမြှင့်ဆောင်ရွက်နေသော မြို့ပေါင်း(၁၇)မြို့ရှိပါကြောင်း၊ မီးပေးချိန် (၂)နာရီအထက် ဆောင်ရွက်နေသော မြို့မီးလင်းရေး ကော်မတီများ၊ ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်မှ ဖြန့်ဖြူးပေးနေသော (၂)နာရီအတွက် မီးသုံးသူတစ်ဦးလျှင် (၁၀)ယူနစ်ထိ တစ်ယူနစ်လျှင် အိမ်သုံး (၂၅)ကျပ် ယခု (၃၅) ကျပ်နှုန်း၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းသုံး (၅၀)ကျပ် ယခု (၇၅)ကျပ်နှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးပါကြောင်း။

တိုးချဲ့တည်ဆောက်

မီတာထိန်းသိမ်းစောင့်ရှောက်ခသည် ၁၉၅၁ ခုနှစ် ရန်ကုန်မြို့တွင် လျှပ်စစ်မီးစတင်ပေးစဉ်ကပင် စတင်ကောက်ခံခဲ့ပါကြောင်း၊ လျှပ်စစ်မီတာသည် ရောင်းချခြင်းမဟုတ်ဘဲ ငှားရမ်းပေးခြင်းသာဖြစ်သည့်အတွက် နိုင်ငံတကာတွင် Rent Fee အနေဖြင့် ကောက်ခံခဲ့ကြပါကြောင်း၊ အိမ်ရှင်အမည်ပေါက်ပေးပြီး နေရာပြောင်းခြင်း၊ ရောင်းချခြင်းဆောင်ရွက်၍မရပါ၊ နိုင်ငံတကာတွင် မီတာတစ်လုံးအတွက် လစဉ်ပုံသေပေးဆောင်ရသည့် Rent Fee ကို ကောက်ခံလေ့ရှိပါကြောင်း၊ ယခုမီတာပြေစာများတွင် Rent Fee အခေါ်အဝေါ်အစား မီတာထိန်းသိမ်းစောင့်ရှောက်ခအနေဖြင့် ရေးသားကောက်ခံခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မီတာထိန်းသိမ်းစောင့်ရှောက်ခသည် ဓာတ်အားသုံးစွဲသူ၏အိမ်တွင် တပ်ဆင်ထားသော မီတာအတွက်သာမက ယင်းမီတာသို့ ဓာတ်အားပို့လွှတ်သော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၏ ပြုပြင်ထိန်းသိမ်းမှုနှင့် တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများအတွက် ကောက်ခံခြင်းသာဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အား ဆောလျင်စွာဓာတ်အားပေးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ် ရောက်ရှိပြီးဖြစ်သည့် ဥသျှစ်ပင်ဓာတ်အားခွဲရုံနှင့် မန်းဓာတ်အားခွဲရုံတို့မှ

ပြန်လည်ဖြေကြား

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

တစ်ဆင့် ဓာတ်အားပေးနိုင်ရေးအတွက် အိန္ဒိယနိုင်ငံ
(၆၄ ဒသမ ၀၇)သန်းဖြင့် ဓာတ်အားလိုင်းနှင့် ဓာတ်အ
၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်ဆောင်ရွက်သွားမည်
များမှာ ၂၃၀ ကေဗွီ ဥသျှစ်ပင်-တောင်ကုတ် ဓာတ်အ
ခွဲရုံများစီမံကိန်း၊ ၂၃၀ ကေဗွီ တောင်ကုတ်-မအီ
ဓာတ်အားခွဲရုံများစီမံကိန်း၊ ၂၃၀ ကေဗွီ မအီ-စနဲ
ဓာတ်အားခွဲရုံများစီမံကိန်း၊ ၂၃၀ ကေဗွီ မန်း-အမ်း
ဓာတ်အားခွဲရုံများစီမံကိန်းနှင့် ၂၃၀ ကေဗွီ အမ်း
မိုင်(၁၁၀)နှင့် ဓာတ်အားခွဲရုံများစီမံကိန်းတို့ဖြစ်ပါ
အဆိုပါ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီ
အတွက် အိန္ဒိယနိုင်ငံ Power Grid Corporation
ဝယ်ယူရေးစာချုပ်ချုပ်ဆိုခွင့်အား အစိုးရအဖွဲ့မှ ခွ
ခုနှစ် မတ်လအတွင်း လက်မှတ်ရေးထိုးချုပ်ဆို
လက်မှတ်ရေးထိုးပြီး ချိန်မှစပြီး (၆)လအတွင်း ပစ္စ
ဖြစ်ပြီး (၁၅)လအတွင်း စီမံကိန်းပစ္စည်းအားလုံး
စီမံကိန်းကာလမှာ (၂)နှစ်ခန့်ဖြစ်ပါကြောင်း၊ ထို့ပြင်
ဓာတ်အားဖြန့်ဖြူးရေးအတွက် အထက်ပါစီမံကိန်
ဆောင်ရွက်ရမည့် စီမံကိန်းများလည်း ရှိနေပါသေး
၆၆ ကေဗွီ စနဲ-ကျောက်ဖြူ ဓာတ်အားလိုင်း (၃၅)
ခွဲရုံစီမံကိန်း၊ ၆၆ ကေဗွီ စနဲ-ရမ်းဗြဲ ဓာတ်အားလိုင်း
ခွဲရုံစီမံကိန်း၊ ၆၆ ကေဗွီ မြောက်ဦး- ပုဏ္ဏားကျွန်း-စစ်
နှင့် ပုဏ္ဏားကျွန်း၊ စစ်တွေဓာတ်အားခွဲရုံစီမံကိန်း၊ ၆
တော် ဓာတ်အားလိုင်း (၂၆)မိုင်နှင့် ကျောက်တော်
ကေဗွီ မြောက်ဦး-မင်းပြား ဓာတ်အားလိုင်း မိုင်(၂
စီမံကိန်းတို့ ဖြစ်ပါကြောင်း။

တစ်ပြေးညီဖြန့်ဖြူး

ထို့ပြင် ရခိုင်ပြည်နယ်(တောင်ပိုင်း)ရှိ မြို့များ
များကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၃၂
ဓာတ်အားလိုင်း မိုင်(၃၀)၊ သံတွဲဓာတ်အားခွဲရုံစီ
ကျိန္တလီ-ဂွ ဓာတ်အားလိုင်း (၈၄)မိုင်နှင့် ကျိန္တလီ၊ ဂွ
လည်း ဆက်လက်ဆောင်ရွက်သွားရန် ရည်မှန်းထာ
အိန္ဒိယချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်
၂၃၀ ကေဗွီ ဓာတ်အားလိုင်း စီမံကိန်း၊ မအီ-ကျောက်
စီမံကိန်း၊ မအီ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံနှင့် စနဲ
စီမံကိန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အဝ
ယာယီဆိုင်းငံ့သင့်ကြောင်းကို ပြည်ထောင်စုလွှတ်တေ
အဆိုပါ စီမံကိန်းများသည် သူဌေးရေအားလျှ
သာ ရခိုင်ပြည်နယ်သို့ ပေးပို့ရန် မဟုတ်ဘဲ သူဌေးေ
မီ ဓာတ်အားစနစ်မှ ဓာတ်အားကို ဥသျှစ်ပင်ဓာတ်အ
မြို့သို့ပေးပို့ပြီး ဆက်လက်၍ မအီ၊ စနဲ(ကျောက်ဖြ
တစ်ဆင့် ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့များသို့လည်းကော
ပါကြောင်း၊ သူဌေးရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပ
မည်ဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်းများပြီ
ရွာများတွင် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ပေးေ
နှုန်းထား တစ်ယူနစ်လျှင် (၄၅၀)ကျပ်နှုန်း ပေးချေရ
စနစ်မှ ပို့လွှတ်ထားသည့် ဒေသများနည်းတူ ဓ
တစ်ပြေးညီဖြန့်ဖြူးပေးနိုင်မည်ဖြစ်၍ ရခိုင်ပြည်နယ်
ရရှိရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်
မကြာမီကာလအတွင်း မဟာဓာတ်အားလိုင်း
ဒေသများတွင် အလတ်စားနှင့် အသေးစားလျှပ်စစ်
ရေးလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊
များပြုစု၍ အနီးကပ်ကြီးကြပ် စီမံခန့်ခွဲမှုများပြုလုပ်
နှုန်းထားများ အလွန်ကွာခြားမှုများမရှိစေရန် ေ
ကြောင်း၊ ထို့ပြင် အများပြည်သူတို့မှလည်း သင့်တင့်
ဖြစ်စေရေးအတွက် ကောင်းမွန်သော အကြံဉာဏ်မျ
များဖြင့် ဝိုင်းဝန်းကူညီနိုင်ကြပါရန် တိုက်တွန်းလိုပါ
ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(
"ကျိုက်လတ်မြို့အား (66 KV)ဓာတ်အားလိုင်း တပ်
မေးခွန်းနှင့်စပ်လျဉ်း၍ ကျိုက်လတ်မြို့တွင် မီးသုံး
ကေဗွီ (၁၀၀)အမ်ဗွီအေ လှိုင်သာယာဓာတ်အားခွဲရုံ
(၉၄ ဒသမ ၅) မိုင်ဆွဲ၍ ၃၃/၁၁ ကေဗွီ (၂ ဒသမ ၅
၁၁/၀ ဒသမ ၄ ကေဗွီ ၁၄လုံး၊ တပ်ဆင်အင်အား (၅
ပေးထားပါကြောင်း။
၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၂၃၀ ကေ
ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် ကျိုက်လတ်မြို့တ
ခွဲရုံတစ်ခု တည်ဆောက်ရန် အစီအစဉ်ရှိပါကြောင်း၊
ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြ
ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမ
မြို့တွင်း ဒီဇယ်သုံးအင်ဂျင်မီးစက် ခွင့်ပြုရန် အစီအစဉ်

ပြန်လည်ဖြေကြား

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)



တစ်ဆင့် ဓာတ်အားပေးနိုင်ရေးအတွက် အိန္ဒိယနိုင်ငံချေးငွေ အမေရိကန်ဒေါ်လာ (၆၄ ဒသမ ၀၇)သန်းဖြင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းများမှာ ၂၃၀ ကေဗွီ ဥသျှစ်ပင်-တောင်ကုတ် ဓာတ်အားလိုင်း (၆၉)မိုင်နှင့် ဓာတ်အားခွဲရုံများစီမံကိန်း၊ ၂၃၀ ကေဗွီ တောင်ကုတ်-မအီ ဓာတ်အားလိုင်း (၃၅)မိုင်နှင့် ဓာတ်အားခွဲရုံများစီမံကိန်း၊ ၂၃၀ ကေဗွီ မအီ-စနဲ ဓာတ်အားလိုင်း (၄၂)မိုင်နှင့် ဓာတ်အားခွဲရုံများစီမံကိန်း၊ ၂၃၀ ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်း မိုင်(၈၀)နှင့် ဓာတ်အားခွဲရုံများစီမံကိန်းနှင့် ၂၃၀ ကေဗွီ အမ်း-မြောက်ဦး ဓာတ်အားလိုင်း မိုင်(၁၁၀)နှင့် ဓာတ်အားခွဲရုံများစီမံကိန်းတို့ဖြစ်ပါကြောင်း။

အဆိုပါ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းပစ္စည်းများ ဝယ်ယူရေးအတွက် အိန္ဒိယနိုင်ငံ Power Grid Corporation of India ကုမ္ပဏီဖြင့် ပစ္စည်းဝယ်ယူရေးစာချုပ်ချုပ်ဆိုခွင့်အား အစိုးရအဖွဲ့မှ ခွင့်ပြုချက် ရရှိပြီးဖြစ်၍ ၂၀၁၂ ခုနှစ် မတ်လအတွင်း လက်မှတ်ရေးထိုးချုပ်ဆိုမည်ဖြစ်ပါကြောင်း၊ စာချုပ်လက်မှတ်ရေးထိုးပြီး ချိန်မှစပြီး (၆)လအတွင်း ပစ္စည်းများ စတင်ရောက်ရှိမည်ဖြစ်ပြီး (၁၅)လအတွင်း စီမံကိန်းပစ္စည်းအားလုံး ရောက်ရှိမည်ဖြစ်ပါကြောင်း၊ စီမံကိန်းကာလမှာ (၂)နှစ်ခန့်ဖြစ်ပါကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ် မြို့၊ ရွာများသို့ ဓာတ်အားဖြန့်ဖြူးရေးအတွက် အထက်ပါစီမံကိန်းလုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်ရမည့် စီမံကိန်းများလည်း ရှိနေပါသေးကြောင်း၊ ယင်းစီမံကိန်းများမှာ ၆၆ ကေဗွီ စနဲ-ကျောက်ဖြူ ဓာတ်အားလိုင်း (၃၅)မိုင်နှင့် ကျောက်ဖြူဓာတ်အားခွဲရုံစီမံကိန်း၊ ၆၆ ကေဗွီ စနဲ-ရမ်းဗြဲ ဓာတ်အားလိုင်း (၁၄)မိုင်နှင့် ရမ်းဗြဲဓာတ်အားခွဲရုံစီမံကိန်း၊ ၆၆ ကေဗွီ မြောက်ဦး- ပုဏ္ဏားကျွန်း-စစ်တွေ ဓာတ်အားလိုင်း (၅၇)မိုင်နှင့် ပုဏ္ဏားကျွန်း၊ စစ်တွေဓာတ်အားခွဲရုံစီမံကိန်း၊ ၆၆ ကေဗွီ မြောက်ဦး-ကျောက်တော် ဓာတ်အားလိုင်း (၂၆)မိုင်နှင့် ကျောက်တော် ဓာတ်အားခွဲရုံစီမံကိန်းနှင့် ၆၆ ကေဗွီ မြောက်ဦး-မင်းပြား ဓာတ်အားလိုင်း မိုင်(၂၀)နှင့် မင်းပြားဓာတ်အားခွဲရုံ စီမံကိန်းတို့ ဖြစ်ပါကြောင်း။

တစ်ပြေးညီဖြန့်ဖြူး

ထို့ပြင် ရခိုင်ပြည်နယ်(တောင်ပိုင်း)ရှိ မြို့များဖြစ်သည့် သံတွဲ၊ ကျိန္တလီ၊ ဂွမြို့များကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၃၂ ကေဗွီ တောင်ကုတ်-သံတွဲ ဓာတ်အားလိုင်း မိုင်(၃၀)၊ သံတွဲဓာတ်အားခွဲရုံစီမံကိန်းနှင့် ၆၆ ကေဗွီ သံတွဲ-ကျိန္တလီ-ဂွ ဓာတ်အားလိုင်း (၈၄)မိုင်နှင့် ကျိန္တလီ၊ ဂွ ဓာတ်အားခွဲရုံစီမံကိန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် ရည်မှန်းထားပြီး ဖြစ်ပါကြောင်း၊ သို့သော် အိန္ဒိယချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများတွင် တောင်ကုတ်-မအီ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း စီမံကိန်း၊ မအီ-ကျောက်ဖြူ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း စီမံကိန်း၊ မအီ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံနှင့် စနဲ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်မသင့်ဘဲ ယာယီဆိုင်းငံ့သင့်ကြောင်းကို ပြည်ထောင်စုလွှတ်တော်မှ ညွှန်ကြားလာပါကြောင်း။

အဆိုပါ စီမံကိန်းများသည် သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းမှ ဓာတ်အားကိုသာ ရခိုင်ပြည်နယ်သို့ ပေးပို့ရန် မဟုတ်ဘဲ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းမပြီးစီးမီ ဓာတ်အားစနစ်မှ ဓာတ်အားကို ဥသျှစ်ပင်ဓာတ်အားခွဲရုံမှတစ်ဆင့် တောင်ကုတ်မြို့သို့ပေးပို့ပြီး ဆက်လက်၍ မအီ၊ စနဲ(ကျောက်ဖြူ)တို့ကို လည်းကောင်း၊ ထိုမှတစ်ဆင့် ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့များသို့လည်းကောင်း ပေးပို့ရန်ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါကလည်း ဆက်သွယ်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်းများပြီးစီးပါက ရခိုင်ပြည်နယ်ရှိ မြို့၊ ရွာများတွင် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ပေးနေရသည့်အတွက် ဓာတ်အားခနှုန်းထား တစ်ယူနစ်လျှင် (၄၅၀)ကျပ်နှုန်း ပေးချေရန် မလိုအပ်တော့ဘဲ ဓာတ်အားစနစ်မှ ပို့လွှတ်ထားသည့် ဒေသများနည်းတူ ဓာတ်အားခ နှုန်းထားများဖြင့် တစ်ပြေးညီဖြန့်ဖြူးပေးနိုင်မည်ဖြစ်၍ ရခိုင်ပြည်နယ်အတွက် အကျိုးကျေးဇူးများစွာရရှိရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

မကြာမီကာလအတွင်း မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသောဒေသများတွင် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ဥပဒေများပြုစု၍ အနီးကပ်ကြီးကြပ် စီမံခန့်ခွဲမှုများပြုလုပ်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများ အလွန်ကွာခြားမှုများမရှိစေရန် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အများပြည်သူတို့မှလည်း သင့်တင့်သည့် ဓာတ်အားခဈေးနှုန်းများဖြစ်စေရေးအတွက် ကောင်းမွန်သော အကြံဉာဏ်များပေးခြင်း စသည့် နည်းလမ်းများဖြင့် ဝိုင်းဝန်းကူညီနိုင်ကြပါရန် တိုက်တွန်းလိုပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးမောင်မောင်အေး၏ **"ကျိုက်လတ်မြို့အား (66 KV)ဓာတ်အားလိုင်း တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျိုက်လတ်မြို့တွင် မီးသုံးသူ (၂၈၆၉)ဦးရှိပြီး ၂၃၀/၃၃ ကေဗွီ (၁၀၀)အမ်ဗွီအေ လှိုင်သာယာဓာတ်အားခွဲရုံမှ (၃၃)ကေဗွီ ဓာတ်အားလိုင်း (၉၄ ဒသမ ၅) မိုင်ဆွဲ၍ ၃၃/၁၁ ကေဗွီ (၂ ဒသမ ၅)အမ်ဗွီအေ ထရန်စဖော်မာမှ ၁၁/၀ ဒသမ ၄ ကေဗွီ ၁၄လုံး၊ တပ်ဆင်အင်အား (၅၁၀၀)ကေဗွီအေဖြင့် ဓာတ်အားပေးထားပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၂၃၀ ကေဗွီ လှိုင်သာယာ-ကျိုက်လတ် ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် ကျိုက်လတ်မြို့တွင် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ရန် အစီအစဉ်ရှိပါကြောင်း၊ ရန်ပုံငွေခွင့်ပြုနိုင်မှုပေါ် မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း၏ **"ကန်ပက်လက်မြို့တွင်း ဒီဇယ်သုံးအင်ဂျင်မီးစက် ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့တွင် (၆၄)ကေဗွီအေမီးစက်ဖြင့် မြို့ကို အပိုင်းသုံးပိုင်းခွဲပြီး တစ်ညလျှင် ညနေ ၆ နာရီခွဲမှ ၉ နာရီအထိ ဓာတ်အားပေးလျက်ရှိပါကြောင်း၊ ချင်းပြည်နယ် ကန်ပက်လက်မြို့တွင် လက်ရှိမောင်းနှင် မီးပေးလျက်ရှိသောစက်သည် သက်တမ်းကြာမြင့်လာသဖြင့် စက်စွမ်းရည်ကျဆင်းလာခြင်း၊ မြို့တွင်းမီးသုံးစွဲသူဦးရေ ပို၍များပြားလာခြင်းတို့ကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် (၃၀၀)ကေဗွီအေမီးစက်တစ်လုံး ဝယ်ယူဖြည့်တင်းပေးရေး ဆောင်ရွက်ထားပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ၏ **"ကျေးရွာအုပ်စု မန်နေဂျာရာထူးနှင့် ကျေးရွာမန်နေဂျာရာထူးများကို မျှော်ကိုးပြီး အစမ်းခန့်ထားခဲ့သည့် ဝန်ထမ်းများအား အစမ်းခန့် ပုံသေလစာရ ဝန်ထမ်းများ၏ အမှုထမ်းစာအုပ် (Service Book)တွင် တစ်ပြေးညီရေးသွင်းခွင့်ရရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၏ ၃-၆-၂၀၀၀ နေ့စွဲပါ ရုံးအမိန့်စာအမှတ် (၇၁၄/၂၀၀၀)ဖြင့် ယခင် လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းတွင် ၁-၅-၁၉၇၄ မှစတင်၍ ပုံသေလစာ (၂၁၀)နှုန်းဖြင့် ကျေးရွာအုပ်စု မန်နေဂျာရာထူး (ယခုလက်ထောက်ကြီးကြပ်ရေးမှူး)များကို မျှော်ကိုးပြီး အစမ်းခန့်ထားခဲ့သည့် ဘီအေဂျီ ဘွဲ့ရများနှင့် ပုံသေလစာ(၁၅၀)နှုန်းဖြင့် ကျေးရွာမန်နေဂျာရာထူး (ယခု-လက်ထောက်ကြီးကြပ်ရေးမှူး)များကို မျှော်ကိုးပြီး အစမ်းခန့်ထားခဲ့သည့် စိုက်ပျိုးရေးဒီပလိုမာလက်မှတ်ရများအား ဦးဆောင်ညွှန်ကြားရေးမှူး လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၏ ၅-၇-၁၉၇၆ နေ့စွဲပါ စာအမှတ် ၁၁၁၉-ရေး-၇၆ (၂၀၉၉) ဖြင့် လုပ်သက်သတ်မှတ်ပေးခဲ့ခြင်းနှင့် တစ်ပြေးညီခံစားခွင့် ရရှိစေရန်အတွက် ၁-၅-၁၉၇၄ မှစတင်၍ ထမ်းဆောင်ခဲ့သော အစမ်းခန့်ပုံသေလစာရ အလုပ်သင်ကာလကို အမြဲတမ်းလုပ်သက်အဖြစ် တစ်ပြေးညီရေတွက်ခွင့်ပြုလိုက်သည်ဟု ထုတ်ပြန်ပေးခဲ့ပါကြောင်း။

ဖော်ပြထား

ယင်းရုံးအမိန့်အရ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၌ ၁-၅-၁၉၇၄ နေ့မှစတင်၍ အစမ်းခန့်ပုံသေလစာရ အလုပ်သင်အဖြစ် တာဝန်ထမ်းဆောင်သူဝန်ထမ်းများ၏ (Service Book)များတွင် ယင်းအမိန့် ထုတ်ပြန်ပြီးသည့်အချိန်မှစ၍ ထည့်သွင်းရေးသွင်းဖြစ်ပါကြောင်း၊ ဆက်လက်၍ အစမ်းခန့် ပုံသေလစာရ အလုပ်သင်ကာလကို အမြဲတမ်းလုပ်သက်အဖြစ် တစ်ပြေးညီရေတွက်ခွင့်ပြုရန် မေးခွန်းနှင့်စပ်လျဉ်း၍ အစမ်းခန့်ဝန်ထမ်းဆိုသည့် ဖော်ပြချက်နှင့်စပ်လျဉ်း၍ အကျဉ်းမျှရှင်းလင်းတင်ပြလိုပါကြောင်း၊ အစမ်းခန့်ခြင်း (Probation) ဆိုသည်မှာ လစ်လပ်သော အမြဲတမ်းရာထူးတစ်နေရာတွင် အမြဲတမ်းခန့်အပ်ရန်ရည်ရွယ်ပြီး ၎င်းရာထူးကို ကျော်ထောက်နောက်ခံပြု၍ ခန့်အပ်ခြင်းဖြစ်ပါကြောင်း၊ အမြဲတမ်းခန့်အပ်မည့်ရာထူးတာဝန်ကိုထမ်းဆောင်ရာတွင် ကျွမ်းကျင်နိုင်နင်းစွာ ထမ်းဆောင်နိုင်စေရေးအတွက် အစမ်းခန့်ကာလအတွင်း စာတွေ့၊ လက်တွေ့၊ လေ့ကျင့်ဆည်းပူးနိုင်စေရန်ဖြစ်ပါကြောင်း၊ အစမ်းခန့်ကာလကို သတ်မှတ်ပေးရာတွင် သက်ဆိုင်ရာဌာနကသာ သင့်တော်သလိုသတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း၊ အစမ်းခန့်အပ်ထားရာတွင် ခန့်ထားသည့်ရာထူး၏ ချိန်နှုန်းလစာအနိမ့်ဆုံးအဆင့်ကို စတင်ခံစားစေ၍ ခန့်ထားရပါကြောင်း၊ အစမ်းခန့်ကာလ ကုန်ဆုံးသည့်အခါ အတည်ပြုခန့်ထားရန်ဖြစ်ပြီး ယင်းအစမ်းခန့်ကာလကို တာဝန်ချိန်အဖြစ် သတ်မှတ်ရန်ဖြစ်ပါကြောင်း၊ အစမ်းခန့်ကာလထားရှိခြင်း၊ အစမ်းခန့်ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ပြီးမှသာ အမြဲတမ်းဝန်ထမ်းအဖြစ် သွတ်သွင်းခန့်အပ်ခြင်းပြုရမည်ဟူ၍ တိကျသည့် ပြဋ္ဌာန်းချက်မရှိပါကြောင်း၊ သက်ဆိုင်ရာဌာနမှသာ ဌာန၏ လိုအပ်ချက်အပေါ် မူတည်၍ အစမ်းခန့်ရန် လို/မလို ကို စဉ်းစားဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လိုအပ်သည်ဟုယူဆပါကလည်း အစမ်းခန့်ကာလမည်မျှထားရှိရမည်ကို သက်ဆိုင်ရာဌာနမှသာ ဆုံးဖြတ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ယခုရှင်းလင်းတင်ပြခဲ့သည့် အစမ်းခန့်ထားခြင်းကိစ္စနှင့်ပတ်သက်ပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ၃၁-၅-၂၀၀၁ ရက်စွဲပါ စာအမှတ်- ၃၃၆/စခ-၂/၂၀၀၁ ဖြင့် ဝန်ကြီးဌာနများအားလုံးသို့ အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ကြောင်းကို ဖော်ပြထားပါကြောင်း။

အစမ်းခန့်ကာလသတ်မှတ်ထားရှိသည့် ဌာနတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်သည့် ဝန်ထမ်းလောင်းတစ်ဦးသည် လုပ်ငန်းဆောင်ရွက်မှု၊ ကျွမ်းကျင်မှုရှိပြီး သတ်မှတ်ထားသည့် အစမ်းခန့်ကာလကုန်လွန်၍ ၎င်းအား အမြဲတမ်းဝန်ထမ်းအဖြစ်၊ ချိန်နှုန်းလစာရာထူးတွင် အတည်ပြုခန့်အပ်လိုက်လျှင် အစမ်းခန့်ကာလအား ထိုဝန်ထမ်း၏ အမြဲတမ်းလုပ်သက်တွင် ထည့်သွင်းတွက်ချက်ပေးပါကြောင်း၊ ထိုအခါအစမ်းခန့်ကာလအား ဝန်ထမ်း၏အမြဲတမ်းလုပ်သက်တွင်ပါရှိပြီး ပင်စင်အကျိုးခံစားခွင့်ရသည့်လုပ်သက်အဖြစ် ရေတွက်ခွင့်ရရှိကြောင်းကို ဖော်ပြထားပါကြောင်း။

တစ်ပြေးညီ ပြင်ဆင်ရေးသွင်းခွင့်ရှိပါက မည်သည့်အချိန်တွင် ပြင်ဆင်ရေးသွင်းခွင့်ရှိသည်ကို ဖြေကြားပေးပါရန် မေးခွန်းနှင့်ပတ်သက်၍ ယခုဖြစ်စဉ်တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ၂၀၀၀ ပြည့်နှစ် ဇွန် ၃ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်စာပါ ရက်သတ်မှတ်ချက်ဖြစ်သော ၁-၅-၁၉၇၄ ရက်မှစ၍ အကျုံးဝင်သော အစမ်းခန့်ပုံသေလစာရ ဝန်ထမ်းများ၏ (Service Book)တွင် တစ်ပြေးညီရေးသွင်းပြီးဖြစ်ပါကြောင်းနှင့် ပုံသေလစာရ အလုပ်သင်အဖြစ် ခန့်ထားခံရသည့် အလားတူဝန်ထမ်းများအား ရုံးမိန့်ထုတ်ပြန်၍ သက်ဆိုင်သူဝန်ထမ်းများ၏ (Service Book)များတွင် အလုပ်သင်ကာလ လုပ်သက်အား အမြဲတမ်းဝန်ထမ်းလုပ်သက်အဖြစ် ရေးသွင်းသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **"ကြားဖြတ်ရွေးကောက်ပွဲလွန်ကာလ ၂၀၁၂ အတွင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းနှစ် သတ်မှတ်လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတစ်နိုင်ငံ၏ လူဦးရေသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တိုက်ရိုက်အချိုးကျသည်ဆိုသည့်ပြောဆိုချက်ကို သဘောတူလက်ခံပါကြောင်းနှင့် ကြားဖြတ်ရွေးကောက်ပွဲလွန်ကာလ ၂၀၁၂ အတွင်းတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းနှစ် သတ်မှတ်လုပ်ဆောင်ရန် အစီအစဉ်မရှိပါကြောင်း။

၂၀၁၂ ခုနှစ်အတွင်း သန်းခေါင်စာရင်းအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းမလုပ်နိုင်ခြင်း၏ အဓိကအချက်မှာ ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၁၉၈၃ ခုနှစ်တွင် နောက်ဆုံးဆောင်ရွက်ခဲ့သောကြောင့် နှစ်ပေါင်း (၃၀)ခန့် အတွေ့အကြုံပြတ်လပ်နေရခြင်း၊ ခေတ်သစ်နည်းစနစ်များအရ စာရင်းမကောက်ယူမီ ကြိုတင်ပြင်ဆင်ရမည့် အဆင့်များများပြားလာခြင်းတို့ကြောင့် ပြင်ဆင်ချိန် ပိုမိုလိုအပ်လာပြီဖြစ်ပါကြောင်း၊ ၂၀၁၂ အတွင်း ကွင်းဆင်းဆောင်ရွက်မှု မပြုလုပ်နိုင်သော်လည်းပဲ ၂၀၁၄ ခုနှစ်အတွင်းမှာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ **"နိုင်ငံတော်အစိုးရက အိမ်တိုင်ရာရောက် သန်းခေါင်စာရင်းကောက်ယူရန် အစီအစဉ် ရှိ/မရှိ"** နှင့် **"နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို လျင်မြန်လွယ်ကူစွာ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံသားတိုင်းအတွက် အိမ်ထောင်စုဝင် လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရန်ခက်သည် ဆိုသည့်အချက်များကို ကျော်လွှားပြီး ယခင်ကထက် ပိုမိုလွယ်ကူလျင်မြန်စွာဖြင့် ရနိုင်ရန်အတွက် ယခင်က တောင်းနေသည့် အထောက်အထားများထဲမှ အချို့ကို လျှော့ပစ်တာ၊ အချို့ကိုလုံးဝဖြုတ်ပစ်တာ စသည်ဖြေလျှော့နည်းများသုံးပြီး အထောက်အထားပြည့်စုံလျှင် အိမ်ထောင်စုဝင်လူဦးရေစာရင်းကို နေ့ချင်းပြီး/ အခမဲ့နှင့် နိုင်ငံသားစိစစ်ရေးကတ်ကို အများဆုံး ၂၈ ရက်အတွင်းမှာ ကတ်တစ်ကတ်ကို မိမိတို့ဌာနကိုချည်းပဲ ပေးရသည့်ငွေ (၆)ကျပ်နှုန်းဖြင့် ဆောင်ရွက်ပေးနေသည့် မိုးပွင့်အဆင့်(၁)ဆိုသည့်စီမံချက်ကို ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်ကနေ အောက်တိုဘာ ၃၁ ရက်အထိ လေးလတာကာလသတ်မှတ်ကာ ကျေးလက်များအထိ အရောက်သွားပြီး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ မိုးပွင့်အဆင့်(၂) စီမံချက်ကိုတော့ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ (၂)လတာ သတ်မှတ်ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ ယင်းစီမံချက်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် (စနေ၊တနင်္ဂနွေ) နားရက်မရှိဘဲ မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုးပွင့်အဆင့် (၁)မှာ ဌာနချုပ်နေရာများကနေ နေ့ချင်းပြန်ခရီး ကွင်းဆင်းသွားရောက် လုပ်ကိုင်ပေးနေကြပြီး မိုးပွင့်အဆင့်(၂)မှာ သက်ဆိုင်ရာ ရွာနှင့် ညှိနှိုင်းပြီး ညအိပ်ခရီးများကိုပါ တိုးချဲ့ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ တစ်ညအိပ်ခရီးထက် များစွာပိုလို့ဝေးနေသေးသည့် ဒေသများကို တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်နေမှာသာ ဖြစ်ပါကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် မိုးပွင့်အဆင့် (၂)ပြီးလျှင် မိုးပွင့်အဆင့်(၃)(၄)(၅)(၆) စသည်ဖြင့် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ပါကြောင်း၊ နွမ်းပါးအိမ်ထောင်စုများအပါအဝင် အားလုံးအတွက် အိမ်ထောင်စုဝင်လူဦးရေစာရင်းနေ့ချင်းပြီးအခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားအတွက် သက်သာသော (၆)ကျပ်နှုန်းထားဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေပြီး လတ်တလောအခမဲ့ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း၏ **"မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသလုံးတုံကျေးရွာရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်အား အင်းတော်ကြီးဒေသတစ်ခုလုံး ဖမ်းယူကြည့်ရှုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရုပ်သံအစီအစဉ်များကို ကချင်ပြည်နယ်အတွင်း ထပ်ဆင့်လွှင့်စက်ရုံပေါင်း (၂၆)ရုံဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ မိုးညှင်းမြို့နယ် လုံးတုံ (အင်းတော်ကြီး)စက်ရုံကို ၂၀-၇-၁၉၉၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စက်၏လွှင့်အားမှာ 10 W ဖြစ်ပါကြောင်း၊ စက်ရုံကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့်တည်ဆောက်ခဲ့ပြီး သက်တမ်း(၁၇)နှစ်ခန့် ရှိပြီဖြစ်ပါကြောင်း၊ လုံးတုံ(အင်းတော်ကြီး) ဒေသတွင် ရပ်ကွက်(၁)ခုနှင့် ကျေးရွာအုပ်စု (၇)အုပ်စုရှိပါကြောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထုတ်လွှင့်မှုကို လုံးတုံရပ်ကွက်နှင့် မမုန်ကိုင်ကျေးရွာအုပ်စုတို့မှ ကောင်းမွန်စွာဖမ်းယူနိုင်ပါကြောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ် ဖမ်းယူမရရှိနိုင်သော ကျေးရွာအုပ်စု (၆)စုမှာ နန့်မွန်း၊ မိုင်းပုတ်၊ လွဲမွန်၊ ညောင်ပင်၊ လုံးစန့်နှင့် ဟဲပုကျေးရွာအုပ်စုတို့ ဖြစ်ပါကြောင်း။

ရုပ်မြင်သံကြားအစီအစဉ် ဖမ်းယူမရရှိသောကျေးရွာများဖြစ်သည့် နန့်မွန်းသည် (၁၄)မိုင်၊ မိုင်းပုတ်သည် (၁၅)မိုင်၊ လွဲမွန်သည် (၈)မိုင်၊ ညောင်ပင်သည် (၁၆)မိုင်၊ လုံးစန့်သည် (၉)မိုင်၊ ဟဲပုသည်(၈)မိုင် စသည်ဖြင့် လုံးတုံမှကွာဝေးကြပါကြောင်း၊ လုံးတုံစက်ရုံကို 10 W မှ 50 W သို့ လွှင့်အားတိုးမြှင့်ထုတ်လွှင့်ပါက လွဲမွန်၊ လုံးစန့်နှင့် ဟဲပုကျေးရွာအုပ်စုတို့မှ ဖမ်းယူရရှိနိုင်မည်ဖြစ်ရာ 50 W သို့ တိုးမြှင့်ထုတ်လွှင့်ပေးရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်ကျေးရွာ (၃)ရွာမှာ တောင်တန်းကာရံခြင်း၊ ဝေးကွာခြင်းတို့ကြောင့် လွှင့်အားတိုးသော်လည်း ဖမ်းယူရရှိနိုင်မည်မဟုတ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံအတွင်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများကို တိုးချဲ့တည်ဆောက်ရာတွင် မြို့နယ်အဆင့်နေရာဒေသများ၊ မြို့နယ်ခွဲအဆင့် နေရာဒေသများနှင့် နိုင်ငံတော် အကြီးအကဲများ၏ ခရီးစဉ်ညွှန်ကြားချက်အရ စက်ရုံတည်ဆောက်ပေးရန် ညွှန်ကြားလာသော နေရာဒေသများတွင် စက်ရုံများကို ဦးစားပေးတည်ဆောက်လျက်ရှိပါကြောင်း၊ လက်ရှိရုပ်သံထပ်ဆင့်လွှင့် စက်ရုံပေါင်း (၂၂၆)ရုံတည်ဆောက်ပြီးသည့်တိုင် တောတောင်ထူထပ်စွာကာရံလျက်ရှိသော ကျေးရွာအုပ်စုများစွာမှ ဖမ်းယူရရှိနိုင်ခြင်း မရှိသေးပါကြောင်း၊ နိုင်ငံအတွင်း၌ ရုပ်မြင်သံကြားအစီအစဉ် ဖမ်းယူရရှိမှု မရှိသေးသော ကျေးရွာအုပ်စုပေါင်း (၂၂၉၆)အုပ်စုရှိနေပါကြောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ 50 W ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (၁)ရုံ တည်ဆောက်ရန်အတွက် စက်ရုံအဆောက်အအုံ တန်ဖိုးကျပ်သိန်း(၄၈၀)နှင့် စက်ပစ္စည်းတန်ဖိုးကျပ်သိန်း (၄၀၀) စုစုပေါင်းကျပ်သိန်း (၈၈၀)ခန့်ကုန်ကျမှုရှိပါကြောင်း၊ ရုပ်မြင်သံကြားအစီအစဉ် ဖမ်းယူရရှိမှုမရှိသေးသော ကျေးရွာအုပ်စုတိုင်းသည် စက်ရုံတည်ဆောက်ပေးရပါက ငွေကြေးမြောက်မြားစွာ ကုန်ကျမှုရှိမည်ဖြစ်ပါကြောင်း၊ ကျေးရွာအုပ်စုများတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း။

ယခုအခါ Sky Net DTH စနစ်ဖြင့် တစ်နိုင်ငံလုံးမှ ရုပ်သံအစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ပါကြောင်း၊ Sky Net DTH များတပ်ဆင်ခြင်းဖြင့် Free to Air ထုတ်လွှင့်လျက်ရှိသော MRTV၊ MITV နှင့် MRTV-4 Channel များအပြင် တိုးချဲ့ထုတ်လွှင့်မည့် Channel များကိုလည်း ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါကြောင်း၊ Sky Net DTH မှာ (၂၄)နာရီပတ်လုံးထုတ်လွှင့်နေသည့်အတွက် မိမိကြည့်ရှုလိုသောအချိန်တွင် ကြည့်ရှုနိုင်ပါကြောင်း၊ ဈေးနှုန်းမှာလည်း သင့်တင့်သည့်ဈေးနှုန်းဖြစ်သည့်အတွက် ဝယ်ယူတပ်ဆင်နိုင်ကြမည် ဖြစ်ပါကြောင်း၊ သို့ပါ၍ ရုပ်မြင်သံကြားအစီအစဉ် ဖမ်းယူရရှိမှုမရှိသော ကျေးရွာအုပ်စုများတွင် DTH စနစ်ဖြင့်ဖမ်းယူခြင်းက ပိုမို၍သင့်တော်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ပြဋ္ဌာန်း

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **"ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သစ်တောကြိုးဝိုင်းအတွင်းရှိသော ဆင်အမျိုးအစားနှင့်ခန့်မှန်းခြေဆင်စာရင်း သုတေသနပြုချက် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံတွင် ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရှေးမြန်မာဘုရင်များလက်ထက် ၁၈၇၉ ခုနှစ်က ဆင်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဆင်အပါအဝင် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးအတွက် သစ်တောဥပဒေ၊ သစ်တောနည်းဥပဒေ၊ သစ်တောမူဝါဒ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းရေးနည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပါကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ၂၆-၁၀-၁၉၉၄ ရက်စွဲပါစာအမှတ် အမိန့်ကြော်ငြာစာအမှတ် (၅၈၃/၉၄)ဖြင့် ထုတ်ပြန်ကြေညာထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ဆင်ကို လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်အဖြစ် သတ်မှတ်ထားရှိပါကြောင်း၊ ကမ္ဘာပေါ်တွင် အာရှဆင်နှင့် အာဖရိကဆင်နှစ်မျိုးရှိပြီး မြန်မာနိုင်ငံသစ်တောကြိုးဝိုင်းများအတွင်း နေထိုင်ကျက်စားလျက်ရှိသော ဆင်အမျိုးအစားမှာ အာရှဆင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် တောရိုင်းဆင်များ၏ ဂေဟစနစ်လေ့လာခြင်းလုပ်ငန်းကို Smithsonian Institutions နှင့်ပူးပေါင်း၍ ၂၀၀၁ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်တွင် လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်တွင် ပဲခူးရိုးမအတွင်း၌လည်းကောင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် Convention on International Trade in Endangered Species of Wild Fauna and Flora, CITES ၏ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သော Monitoring the Illegal Killing of Elephant (MIKE)အဖွဲ့နှင့်ပူးပေါင်းပြီး တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းကို အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နှင့် ရွှေဥဒေါင်းဘေးမဲ့တောတို့တွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ MIKE အဖွဲ့နှင့် ပူးပေါင်း၍ ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းခဲ့

မြန်မာနိုင်ငံသည် (ASEAN- WEN, ASEAN Wildlife Enforcement Network) အာဆီယံ ဒေသတွင်း တောရိုင်းတိရစ္ဆာန်နှင့်သစ်ပင်ပန်းမန်များ တရားမဝင်ကူးသန်းရောင်းဝယ်မှု တားဆီးနှိမ်နင်းရေး ကွန်ရက်အဖွဲ့တွင် ၂၀၀၅ ခုနှစ်မှစတင်၍ အဖွဲ့ဝင်အဖြစ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း၌လည်းကောင်း၊ နယ်စပ်ဖြတ်ကျော်၍လည်းကောင်း တောရိုင်းတိရစ္ဆာန်နှင့်သစ်ပင်ပန်းမန်များ တရားမဝင်ရောင်းဝယ်နေမှုများအား ဥပဒေအရထိရောက်စွာ တားဆီးအရေးယူလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၇-၅-၂၀၁၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၁)ဖြင့် 'နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ရောင်းဝယ်မှုများအား ဥပဒေအရ ထိရောက်စွာအရေးယူတားဆီးရေးလုပ်ငန်းအဖွဲ့ (National Wildlife Law Enforcement Task Force) ကို ဖွဲ့စည်းခဲ့ပါကြောင်း။

၎င်းအဖွဲ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တောဆင်ရိုင်းများ အများဆုံးကျက်စားလျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ် သံတွဲမြို့နယ်နှင့် ဂွမြို့နယ်တို့တွင် ရခိုင်ရိုးမဆင် ဘေးမဲ့တော၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်၊ သပိတ်ကျင်းမြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်) မိုးမိတ်မြို့နယ်အတွင်း၌ ရွှေဥဒေါင်းဘေးမဲ့တောကို တည်ထောင်ပြီး ထိန်းသိမ်းရေးလုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနှံ့အပြားရှိ သစ်တောကြိုးဝိုင်းများတွင် သိပ္ပံနည်းကျ ဆင်စာရင်းကောက်ယူခြင်းလုပ်ငန်း (National Elephant Estimation) မဆောင်ရွက်နိုင်သေး၍

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

စက်သုံးဆီတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချမှုလုပ်ငန်းများ တည်ငြိမ်စေရေး လုပ်ကိုင်ခွင့်ပေးထားပြီးဖြစ်၍ မှန်ကန်သည့် လမ်းကြောင်းအတွင်းက ဆောင်ရွက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် စက်သုံးဆီ ဈေးနှုန်းတည်ငြိမ်ရေး ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မတ် ၁၃ ရက် ညနေ ၅ နာရီတွင် ဝန်ကြီးဌာန၌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ စက်သုံးဆီတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချမှုလုပ်ငန်းများ တည်ငြိမ်ချောမွေ့စေရေး၊ စက်သုံးဆီ ဈေးနှုန်း တည်ငြိမ်ရေးတို့အတွက် အလေးထား ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ စက်သုံးဆီများ ပြည်ပမှ တင်သွင်းမှု၊ ပြည်တွင်းဖြန့်ဖြူး ရောင်းချမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကများသို့ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပေးထားပြီးဖြစ်၍ မှန်ကန်သည့် လမ်းကြောင်းအတွင်းကသာ ဆောင်ရွက်ကြစေလိုကြောင်း၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြခြင်းဖြင့် မိမိလုပ်ငန်းနယ်ပယ်ကို မှန်ကန်စွာဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ကြီးဌာနများအပိုင်းကလည်း ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

သစ်တောကြိုးဝိုင်းများအတွင်း နေထိုင်ကျက်စားလျက်ရှိသော ခန့်မှန်းခြေဆင်ကောင်ရေ စာရင်းအတိအကျ မသိရှိရသေးပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သဘာဝနယ်မြေများရှိ ဆင်ဘေးမဲ့ကြိုးဝိုင်းများတွင် ဆင်များ၏ ခန့်မှန်းခြေစာရင်း (Elephant Bill) သုတေသနပြုလုပ်ချက်များကို ပြည်တွင်းမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးတင်ယုက **အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ကော်မတီဝင် ဒေါက်တာမြတ်ဉာဏစိုးက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ အတည်ပြုကြောင်း လွှတ်တော်က သဘောတူဆုံးဖြတ်သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း၏ **"တရားရေး မဏ္ဍိုင်ထိန်းကျောင်းတည့်မတ်နိုင်သော အရည်အချင်းပြည့်ဝသည့် ရှေ့နေကောင်းများ ပေါ်ထွန်းလာရေးအတွက် အစီအမံများ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက လွတ်လပ်ရေးရပြီးစဉ်ကစပြီး တရားသူကြီးချုပ်၊ တရားရေးဝန်ကြီးများ၊ ရှေ့နေချုပ်၊ အစိုးရရှေ့နေများနှင့် တရားလွှတ်တော်ရှေ့နေများသည် တရားရေးရာတာဝန်များကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရန်တာဝန်ရှိပြီး မွန်မြတ်သောအသက်မွေးဝမ်းကျောင်းပညာကို ဆက်လက်ပျိုးထောင်ပေးရန်၊ ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ အတွေ့အကြုံနုသော ရှေ့နေရှေ့ရပ်များ ပညာပြည့်ဝစေရန် ဝါရင့်ပညာရှိရှေ့နေကြီးများက မိမိတို့၏အတွေ့အကြုံနှင့်ပညာရပ်များကို ဟောပြောပွဲများပြုလုပ်၍ ဖြန့်ဝေရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုခဲ့သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်ထောင့်တစ်နေရာမှ အကျိုးပြုပါဝင်နိုင်ရေးအတွက် ရှေ့နေများအသင်းအလုပ်အမှုဆောင်အဖွဲ့ကို ယခင်ကထက်ပီပီပြင်ပြင်ဖွဲ့စည်း၍ ဆောင်ရွက်ရေးကိစ္စအတွက်တော့ Bar Council Act ကို ပြင်ဆင်ရန်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်ပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ရှေ့နေရှေ့ရပ်များနှင့် ပတ်သက်ပြီး အခါအားလျော်စွာ လမ်းညွှန်ပြောကြားလျက်ရှိပါကြောင်း။

တရားစီရင်ရေး၏ အဓိကဦးတည်ချက်မှာ အမှန်တရားပေါ်ပေါက်ရေး ဖြစ်ပါကြောင်း၊ ရှေ့နေရှေ့ရပ်များသည် တရားစီရင်ရေးကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နေကြရသူများ ဖြစ်သည့်အလျောက် ယင်းတို့၏ အရည်အချင်း ပြည့်ဝသည်နှင့်အမျှ တရားစီရင်ရေး၏ ဦးတည်ချက်ဖြစ်သော အမှန်တရားပေါ်ပေါက်ရေးကို အထောက်အကူပြုနိုင်ကြမည်ဖြစ်ပါကြောင်း၊ ရှေ့နေရှေ့ရပ်များသည် ဥပဒေပညာ အရည်အချင်းပြည့်ဝရုံမျှမက ရှေ့နေတစ်ဦးလိုက်နာရမည့် ကျင့်ဝတ်သိက္ခာများနှင့်အညီ ကျင့်ကြံဆောင်ရွက်ကြသူများလည်းဖြစ်ရန်လိုအပ်ပါကြောင်း၊ ယင်းသို့ ရှေ့နေကောင်းတစ်ယောက်၏ အရည်အချင်းများနှင့် ပြည့်ဝသည်နှင့်အမျှ ဖြောင့်မတ်မှန်ကန်သော တရားစီရင်ရေးဖြစ်ထွန်းစေရန် အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တရားရေးမဏ္ဍိုင်ကို ထိန်းကျောင်းတည့်မတ်နိုင်သောအရည်အချင်း ပြည့်ဝသည့် ရှေ့နေကောင်းများ ပေါ်ထွန်းလာရေးအတွက် အစီအမံများ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတွင်ပါရှိသောအချက်များမှာ ယခုအခါတွင် လက်တွေ့ဆောင်ရွက်လျက်ရှိပြီး ဆက်လက်လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ယင်းအဆိုအား မှတ်တမ်းတင်ထားသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် တင်သွင်းထားသည့် **"ဝန်ထမ်းအဖွဲ့အစည်းအချို့အား ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်းနှင့်အသစ်ဖွဲ့စည်းခြင်းများ စနစ်တကျပြုလုပ်ပြီး နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အဆောင်အယောင်များ၊ လစာနှုန်းထားများကို နိုင်ငံတကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင်အာရှစံဖြစ်ရေးလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ယခုအစိုးရသစ်တက်ပြီးနောက် အုပ်ချုပ်ရေးစနစ်သစ်အရလည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ်အရလည်းကောင်း ကိုက်ညီစေရန် အချို့မြို့ပြဝန်ထမ်းအဖွဲ့အစည်းများကို လျှော့ချခြင်း၊ ဖျက်သိမ်းခြင်း၊ ပေါင်းစည်းခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၃၁-၃-၂၀၁၁ ရက်မှ ယခုထိကာလအတွင်း အမှတ်(၁) စက်မှုဝန်ကြီး ဌာနအောက်ရှိ မြန်မာ့အထည်လိပ်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း၊ စက်မှုညွှန်ကြားရေးဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အဖွဲ့အစည်း (၇)ခုကို လျှော့ချဖွဲ့စည်းခဲ့ပြီး အရာထမ်းရာထူး (၁၁၃၅)နေရာ၊ အမှုထမ်းရာထူး (၅၃၈၈၅)နေရာ စုစုပေါင်းရာထူး (၅၅၁၂၀) နေရာလျှော့ကျ၍ တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၃၂၆၄၂ ဒသမ ၆၅)သန်း လျှော့ကျမှာဖြစ်ပါကြောင်း၊ ထို့ပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းတို့အား မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနအဖြစ် အဖွဲ့အစည်း (၂)ခုကို လုပ်ငန်းမှ ဦးစီးဌာနသို့ ပြုပြင်ဖွဲ့စည်းခဲ့ပြီး အရာထမ်းရာထူး (၅၁)နေရာတိုး၍ အမှုထမ်းရာထူး (၄၃၇၄)နေရာလျှော့ကာ စုစုပေါင်းရာထူး (၄၃၂၃)နေရာလျှော့ချ၍ တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၂၂၅၈ ဒသမ ၃၅)သန်း လျှော့ကျမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ဝန်ကြီးဌာန(၂)ခုအောက်ရှိ ဖွဲ့စည်းပုံ(၉)ခုမှ အရာထမ်းရာထူး (၁၀၄၈) နေရာ၊ အမှုထမ်းရာထူး (၅၈၂၅၉) နေရာ စုစုပေါင်း (၅၉၃၄၃) နေရာလျှော့ချ၍ တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၃၄၉၀၀)သန်း လျှော့ကျမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ လျှော့ချသော်လည်း အခြားတစ်ဖက်တွင် နိုင်ငံသားများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက်နှင့် အုပ်ချုပ်ရေးစနစ်သစ်အရ လိုအပ်လာသော အဖွဲ့အစည်းများအတွက် မြို့ပြဝန်ထမ်းအင်အားကို နိုင်ငံတော်၏ လိုအပ်ချက်အရ တိုးချဲ့ခဲ့ရပါကြောင်း၊ သို့ပါ၍ အသစ်ဖွဲ့စည်းခဲ့သည့် ဌာနများမှာ ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် အမျိုးသားသွေးဌာနနှင့် ခုတင် (၅၀၀)ဆံ့ ဆေးရုံ(၄)ရုံ၊ (အရိုး၊ ကလေး၊ သားဖွား၊ မျက်စိ)၊ (၁၆)ခုတင်ဆံ့ (၂၉)ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ (၂)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၉၀)ခု၊ သားဖွားသင်တန်းကျောင်း(၄)ခု၊ ဒေသန္တရကျန်းမာရေးဌာနခွဲ (၁)ခု၊ ကျေးလက်ဆေးပေးခန်း (၁)ခု၊ ပညာရေးဝန်ကြီးဌာနအောက်တွင် အခြေခံပညာအထက်တန်းကျောင်း (၁)ကျောင်း၊ အလယ်တန်းကျောင်း(၁)ကျောင်းနှင့် မြို့နယ်ပညာရေးမှူးရုံး(၅)ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်တွင် အမျိုးသားဓာတ်ခွဲခန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ကန့်ဘလူ)၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်တွင် တာပိန်(၁)၊ နန်ချို၊ အထက်ပေါင်းလောင်း၊ ကြီးအုံကြီးဝ၊ အထက်ကျိုင်းတောင်း၊ ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံများ၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်တွင် မဟာဓာတ်အားလိုင်းမှူးရုံး (၂)ရုံး(မင်းဘူး၊ ဗန်းမော်)နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအောက်တွင် GSM မိုဘိုင်းလိုင်းသန်း (၃၀)တပ်ဆင်ခြင်း ယာယီစီမံချက်အင်အားတို့ကို အသစ်ဖွဲ့စည်းခဲ့ပါကြောင်း။

ထို့ပြင် လိုအပ်ချက်အရ တိုးချဲ့ခဲ့သည့် ဝန်ကြီးဌာနများနှင့် ဖွဲ့စည်းပုံအရေအတွက်များမှာ ကျန်းမာရေးဝန်ကြီးဌာနတွင် ခုတင် (၁၀၀၀)ဆံ့ဆေးရုံ (၂)ရုံ၊ ခုတင် (၅၀၀)ဆံ့ ဆေးရုံ (၄)ရုံ၊ ခုတင် (၃၀၀)ဆံ့ဆေးရုံ (၅)ရုံ၊ ခုတင် (၂၀၀)ဆံ့ဆေးရုံ (၁၉)ရုံ၊ ခုတင် (၁၀၀)ဆံ့ဆေးရုံ (၅)ရုံ၊ ခုတင် (၅၀)ဆံ့ ဆေးရုံ (၄)ရုံ၊ (၂၅)ခုတင်ဆံ့ဆေးရုံ(၇)ရုံ၊ (၁၆)ခုတင်ဆံ့ဆေးရုံ (၅၃)ရုံ၊ သူနာပြုတက္ကသိုလ်(၁)ခု၊ အမျိုးသားသွေးဌာန (၁)ခု၊ သားဖွားသင်တန်းကျောင်း(၄)ခု၊ ကျေးလက်ကျန်းမာရေးဌာန (၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၉၁)ခု၊ ဒေသန္တရကျန်းမာရေးဌာနခွဲ(၁)ခု၊ ကျေးလက်ဆေးပေးခန်း(၁)ခု၊ ခုတင်(၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ(၂)ရုံ၊ ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ(၁)ရုံအတွက် အရာထမ်းရာထူး (၂၁၇၁)နေရာ၊ အမှုထမ်းရာထူး (၁၀၈၇၁)နေရာ စုစုပေါင်းရာထူး (၁၃၀၄၂)နေရာတိုးချဲ့၍ တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၉၅၄၀၅၀)သန်းဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနတွင် အခြေခံပညာအထက်တန်းကျောင်း (၄၄) ကျောင်း၊ အလယ်တန်းကျောင်း (၂၆)ကျောင်း၊ ပညာရေးမှူးရုံး(၅)ရုံး၊ ရွှေဘိုတက္ကသိုလ်နှင့် ပဲခူးတက္ကသိုလ်အတွက် အရာထမ်းရာထူး (၁၀၁၀)နေရာ၊ အမှုထမ်းရာထူး (၁၉၈၂) နေရာ စုစုပေါင်းရာထူး (၂၉၉၂)နေရာတိုးချဲ့၍ လစာနှင့်စရိတ်ကျပ် (၂၇၇၅ ဒသမ ၆၇)သန်းဖြင့် လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဖာပွန်ခရိုင်တရားရုံးကို အရာထမ်း ရာထူး(၁)နေရာ၊ အမှုထမ်းရာထူး (၉)နေရာ စုစုပေါင်းရာထူး (၁၀)နေရာဖြင့် ဖွဲ့စည်းခဲ့ပြီး (၁)နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၇ ဒသမ ၄၇)သန်းဖြင့် လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနကို အရာထမ်းရာထူး (၃၈)နေရာ၊ အမှုထမ်းရာထူး (၂၇)နေရာ စုစုပေါင်းရာထူး (၆၅)နေရာဖြင့် ဖွဲ့စည်းခဲ့ပြီး တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၇၆ ဒသမ ၉၂)သန်းဖြင့် လည်းကောင်း၊ ကျန်ရှိသည့် ဝန်ကြီးဌာန (၁၄)ခုတွင် လိုအပ်ချက်အရ ဖွဲ့စည်းပုံ (၇၇)ခုအတွက် အရာထမ်းရာထူး (၂၁၆၀)နေရာ၊ အမှုထမ်းရာထူး (၂၄၉၄၉)နေရာ စုစုပေါင်းနေရာ (၂၇၁၀၉)နေရာတိုးချဲ့၍ တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၁၆၁၂၄ ဒသမ ၆၄) သန်းဖြင့်လည်းကောင်း တိုးချဲ့ခဲ့ပြီး စုစုပေါင်းဌာန (၂)ခုနှင့် ဝန်ကြီးဌာန (၁၆)ခုတို့တွင် အရာထမ်းရာထူး (၅၃၈၀)နေရာ၊ အမှုထမ်းရာထူး (၃၇၈၃၈)နေရာ စုစုပေါင်းရာထူး (၄၃၂၁၈)နေရာတိုးချဲ့ပြီး တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၂၈၅၂၅ ဒသမ ၂၀) သန်း တိုးလာမည်ဖြစ်ပါကြောင်း။

တိုးချဲ့သည့်ဖွဲ့စည်းပုံ (၁၆၄)ခုအတွက် ဝန်ထမ်းအင်အားနှင့် လျှော့ချခဲ့သည့် ဖွဲ့စည်းပုံ(၉)ခုအတွက် ဝန်ထမ်းအင်အားကို နှိုင်းယှဉ်ပါက အစိုးရသစ်တာဝန်ယူသည့်ကာလအတွင်း လူအင်အား (၁၆၁၂၅) လျှော့ကျသွားပြီး လစာစရိတ်ကျပ် (၆၃၇၅ ဒသမ ၈၀)သန်း လျှော့နည်းမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ လိုအပ်ချက်တို့ကို ဦးစားပေးပြီး ပြောင်းလဲလာသော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစနစ်များနှင့်အညီ ဝန်ထမ်းအင်အားဖွဲ့စည်းပုံတွင် လျှော့သင့်သည်များကို လျှော့ချခဲ့ပြီး တစ်ဖက်တွင်လည်း အုပ်ချုပ်ရေးစနစ်အသစ်အရ အနည်းဆုံးလိုအပ်ချက်များကို စိစစ်ခွင့်ပြုလျက် ကျစ်ကျစ်လျစ်လျစ်ဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့် အဆောင်အယောင်များ၊ လုပ်ခလစာနှုန်းထားနှင့် နေ့တွက်စရိတ်တို့ နိုင်ငံတကာစံ၊ ဒေသတွင်းနှင့်အရှေ့တောင်အာရှစံဖြစ်ရေး ဥပဒေပြုစီမံဆောင်ရွက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို ရှေးရှု၍ နိုင်ငံ့ဝန်ထမ်းများ၏ လစာဝင်ငွေကို (၄)ကြိမ်တိုးမြှင့်ပေးခဲ့ပြီး နေ့တွက်စရိတ်ကိုလည်း တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံဝန်ထမ်းများ၏ လစာငွေကို တိုးမြှင့်ခွင့်ပြုခဲ့ပြီးဖြစ်သော်လည်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေကို ၂၀၁၁ ခုနှစ် ဇူလိုင်လမှစ၍ လက်ရှိဝန်ထမ်းများခံစားနေသည့် လစာနှုန်းထားနှင့် ညှိနှိုင်း၍ တိုးမြှင့်ခွင့်ပြုခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်တွင် ဇန်နဝါရီ ၃၁ ရက်က တင်သွင်းသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ၂၀၁၂ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ၂၀၁၂ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခဲ့ရာတွင် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ခ၊ လစာနှုန်းထား၊ နေ့တွက်စရိတ်များကိုသာမက ရုံး၊ နေအိမ်၊ အဆောက်အအုံ၊ အဆောင်အယောင်များဆိုင်ရာ ကျခံသုံးစွဲမှုများကိုလည်း တင်သွင်းခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရဘက်ကလည်း တစ်နှစ်ထက်တစ်နှစ် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာလျှင် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေရေးဖူလုံရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိမှုရှိရေးအတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုပံ့ပိုးဖြည့်ဆည်းပေးခြင်းဖြင့် လက်ရှိဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက်လည်းကောင်း၊ Good Governance, Clean Government ဖြစ်ရေးအတွက်လည်းကောင်း ဆောင်ရွက်ရာ၌ နိုင်ငံ့ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် အရည်အချင်းများ ပြောင်းလဲတိုးတက်ကောင်းမွန်လာရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့မှသာ နိုင်ငံ၏ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုစွမ်းအား မြင့်မားလာပြီး နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာစွာရရှိလာမည်ဖြစ်ကြောင်း။

အထက်ပါအချက်များအရ ပြည်ထောင်စုအစိုးရဌာနအသီးသီးသည် ရည်မှန်းချက်တာဝန်များကို ပြီးမြောက်အောင်မြင်စေရေးအတွက် ၎င်းတို့သက်ဆိုင်ရာလုပ်ငန်းတာဝန်နှင့် ဘာသာရပ်ကျွမ်းကျင်မှုများအလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်၏ ဘတ်ဂျက်စိစစ်မှုမှ စီးပွားရေးတွက်ခြေကိုက်မှုနှင့် အမြတ်ပြန်ပေါ်နှုန်းများအရလည်းကောင်း၊ ၎င်းတို့၏ဌာနများ ကျစ်လျစ်စွာဖွဲ့စည်းရေး ပြင်ဆင်လျက်ရှိပြီး တာဝန်ခံနိုင်မှုနှင့် တာဝန်ယူနိုင်မှုအပေါ် မူတည်၍လည်းကောင်း ဖွဲ့စည်းပုံအင်အား တိုးချဲ့ခြင်း၊ လျှော့ချခြင်းများကို စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် တင်သွင်းသည့်အစီအစဉ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများ၏ အုပ်ချုပ်မှုကိစ္စရပ်ဖြစ်နေခြင်း၊ ဌာနများအလိုက် ပြုပြင်ပြင်ဆင်စီစဉ်ဆောင်ရွက်လျက်ရှိခြင်း၊ လုပ်ခလစာနှုန်းထား၊ နေ့တွက်စရိတ်များကိုလည်း ဘဏ္ဍာငွေရသုံးမှန်းခြေငွေစာရင်းဥပဒေကြမ်းတင်သွင်းရာ၌ အပါအဝင် ပါရှိပြီးဖြစ်ခြင်းတို့ကြောင့် သီးခြားဥပဒေ၊ သီးခြားအဆိုဖြင့် ဆောင်ရွက်ရန်မလိုဘဲ လက်ရှိဆွေးနွေးဆောင်ရွက်နေသော ဥပဒေကြမ်းများ၌သာ ထည့်သွင်းစီမံဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကာယကံရှင်၏ တင်ပြချက်အရ ဒေါက်တာအေးမောင်၏ အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ညနေ ၄ နာရီတွင်ရပ်နားလိုက်သည်။

အစည်းအဝေးတွင် မေးခွန်း(၁၀)ခု မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခုအတည်ပြုခြင်း၊ အဆို(၂)ခုဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရာသီအကူးအပြောင်းတွင် ကပ်ပါးပိုးကြောင့် ငါးများသေဆုံးမှုဖြစ်ပေါ်နေ

ရန်ကုန် မတ် ၁၄

ယခုအချိန်အခါသည် ရာသီဥတု အကူးအပြောင်းကာလဖြစ်ပြီး ရာသီဥတု အပူရှိန်ကြောင့် ကန်ရေအပူချိန်ရုတ်တရက် မြင့်တက်ခြင်း၊ ရေထုလျော့နည်းလာခြင်း တို့ကြောင့် ငါးကန်များတွင် ငါးများ သေဆုံးမှု ဖြစ်ပေါ်လျက်ရှိသည်။

ကွင်းဆင်းစစ်ဆေးချက်အရ ငါးများ သေဆုံးမှုမှာ Dactylogyrus Spp: ကပ်ပါးပိုးများကြောင့်ဖြစ်ကြောင်း သိရှိရသည်။

ယင်းကပ်ပါးပိုး ပေါက်ပွားကြီးထွားရန်သည် ရေအပူချိန်တွင် မူတည်၍ ရေအပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်မှ ၂၈ ဒီဂရီစင်တီဂရိတ်အတွင်း ဥများခြောက်ရက်အတွင်း အကောင်ပေါက်နိုင်ပြီး လေးရက် ငါးရက်အတွင်း သက်ကြီးအကောင်အဆင့်သို့ ရောက်ရှိနိုင်သည်။ ရေအပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်အောက်ရှိပါက ဥမှအကောင်ပေါက်ရန် ငါးလမှ ခြောက်လအထိ ကြာမြင့်သည်။ သေဆုံးသောငါးများအား မြစ်၊ ချောင်းများအတွင်း စွန့်ပစ်ပါက ရောဂါပိုးများ ပြန့်ပွားခြင်း၊ ရေထု ညစ်ညမ်းခြင်းနှင့် ရေအသုံးပြုသူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်းတို့ကြောင့် မြစ်၊ ချောင်းများအတွင်း စွန့်ပစ်ခြင်းမပြုရန်နှင့် ငါးသေဆုံးမှုဖြစ်ပေါ်ပါက သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနများသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။ **(မောင်လှိုင်)**

○ *ရှေ့ဖုံးမှ*

၎င်းအေဂျင်စီက ပြောကြားသည်။ ယင်းကြိုတင်ကာကွယ်ရေးစနစ်တွင် ၁ ဒသမ ၅ မီတာ အချင်းရှိသည့် အေဇက်တီ-၃၃ ဘီအမ် အာကာသအဝေးကြည့်မှန်ပြောင်းတပ်ဆင်ထားမည်ဖြစ်သည်။ ၎င်းအာကာသအဝေးကြည့်မှန်ပြောင်းသည် အာကာသအတွင်း အာကာသယာဉ်နှင့် ဂြိုဟ်တု ၃၀ ခန့်တို့အား တစ်ပြိုင်နက်တည်းကြိုတင်အသိပေးနိုင်သည့် ပုံရိပ်နှင့် အချက်အလက်များဖြင့် ဘေးအန္တရာယ်မကြုံတွေ့မီ နာရီ ၃၀ ခန့်ကြိုတင်၍ သတိပေးနိုင်မည်ဖြစ်သည်။

၎င်းစနစ်ကို ပြီးခဲ့သည့် ဇန်နဝါရီလက တပ်ဆင်ရန်ဖြစ်သော်လည်း လာမည့် နိုဝင်ဘာလ၌သာ အပြီးသတ်တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း ရုရှားအာကာသ အေဂျင်စီက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ အမှတ် (၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပရာ တတိယတန်းတွင် ပထမဆုရရှိသော မသူသူလှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝင်း ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ပညာရေး)

15-3 (10).pmd 1 3/15/2012, 2:43 AM

နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ကြေး ခံစားခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၁၂
နေပြည်တော်၊ ၁၃၇၃ ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်)

အကြောင်းအရာ ။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ကြေး ခံစားခွင့်ပြုခြင်း

အပိုင်း ၁

ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး

၁။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်လည်မှုရှိစေရန်အတွက် လက်ရှိလစာအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လကျပ် ၃၀၀၀၀/- (ကျပ်သုံးသောင်းတိတိ) လစဉ် ခံစားခွင့်ပြုလိုက်သည်။

အပိုင်း ၂

တပ်မတော်(ကြည်း၊ရေ၊လေ) ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး

၂။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအား စားဝတ်နေရေးသက်သာချောင်လည်မှုရှိစေရန် တပ်မတော်အတွက် သတ်မှတ်ထားသော လစာနှင့် စရိတ်နှုန်းထားများအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လကျပ် ၃၀၀၀၀/- (ကျပ်သုံးသောင်းတိတိ) လစဉ် ခံစားခွင့်ပြုလိုက်သည်။

အပိုင်း ၃

ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်

၃။ အထက်ဖော်ပြပါ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအား အပိုထောက်ပံ့ကြေး ထုတ်ပေးရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄)လအတွက်နှင့် လစာပြည့် သို့မဟုတ် လစာဝက် အစရှိသည့် လစာငွေရရှိသော အခြားခွင့်ခံစားနေသည့်ကာလအတွင်း အထက်ဖော်ပြပါ အပိုထောက်ပံ့ကြေးကို ခံစားခွင့်ရှိပါသည်။

(ခ) ပညာသင်ကြားခွင့်ဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ စေလွှတ်ခြင်းခံရသော ဝန်ထမ်းများနှင့် ပညာသင်ခွင့် စည်းကမ်းချက်များဖြင့် နိုင်ငံခြားသို့ သွားရောက်ပညာသင်ကြားနေကြသည့် ဝန်ထမ်းများသည် ယင်းသို့သွားရောက်နေသည့် ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ။

(ဂ) တာဝန်ထမ်းဆောင်ရာ၌ လိုအပ်သော အရည်အချင်းပြည့်စုံမှုအတွက် ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတစ်ခုခုတွင်လည်းကောင်း၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဆိုင်ရာသိပ္ပံ သို့မဟုတ် အထက်တန်းကျောင်းတစ်ခုခုတွင်လည်းကောင်း ပညာသင်ခွင့်စည်းကမ်းချက်များဖြင့် တက်ရောက်ပညာသင်ကြားခွင့်ရရှိသော ဝန်ထမ်းများအား ပညာသင်ခွင့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(ဃ) ရာထူးမှ ခေတ္တချထားခြင်းခံရသော ဝန်ထမ်းများအား တည်ဆဲနည်းဥပဒေများအရ နေထိုင်စားသောက်မှုစရိတ်ကို ထုတ်ပေးထားစဉ်ကာလအတွင်း အပိုထောက်ပံ့ကြေးခံစားခွင့်ပြုရပါမည်။

(င) ပုံသေလစာရရှိသော ဝန်ထမ်းများသည်လည်း အပိုထောက်ပံ့ကြေး ကျပ် ၃၀၀၀၀/- (ကျပ်သုံးသောင်းတိတိ)ကို လစဉ် ခံစားခွင့်ရှိမည်ဖြစ်ပါသည်။

အပိုင်း ၄

နေ့စားအလုပ်သမားများအတွက် အပိုထောက်ပံ့ကြေး

၄။ အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏ လုပ်ခကို အလုပ်ချိန်တစ်နေ့ ၈ နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ကျပ် ၁၁၀၀/-(ကျပ်တစ်ထောင့်တစ်ရာတိတိ) အပေါ်တွင် အပိုထောက်ပံ့ကြေးကျပ် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို ထပ်မံခံစားခွင့်ပြုရန်ဖြစ်သဖြင့် နေ့စားအလုပ်သမားများအား နေ့စဉ်လုပ်ခ ကျပ် ၂၁၀၀/-(ကျပ်နှစ်ထောင့်တစ်ရာတိတိ) ခွင့်ပြုရန် ဖြစ်ပါသည်။

၅။ အောက်ဖော်ပြပါဝန်ထမ်းများသည် အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ-

(က) လုပ်ငန်းစာချုပ်အစရှိသည့် ဆောင်ရွက်ပြီးစီးသော လုပ်ငန်းပမာဏ သို့မဟုတ် အရေအတွက်ကို လိုက်၍ အခကြေးငွေရရှိသည့်ဝန်ထမ်းများနှင့် အလုပ်သမားများ၊

(ခ) အချိန်ပိုင်းသာ ဆောင်ရွက်ရသည့် ဝန်ထမ်းများ၊

အပိုင်း ၅

အထွေထွေ

၆။ ဤအမိန့်သည် ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ အတည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအား ၂၀၁၂ ခုနှစ် ဧပြီလအတွက် ပေးရန်ရှိသော လစာနှင့်အတူ အပိုထောက်ပံ့ကြေးကို ထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးရပါမည်။

(ပုံ)လှထွန်း
ပြည်ထောင်စုဝန်ကြီး

မြန်မာ့အလင်း **နိုင်ငံတကာအားကစား** အာကာဟိန်း - ရေးသားသည်

ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ဒုတိယအကျော့ ဘိုင်ယန်မြူးနစ်က ခုနစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူ

မြူးနစ် မတ် ၁၄

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ (၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၄ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဂျာမနီနိုင်ငံ မြူးနစ်၌ ကျင်းပသည့် ဘိုင်ယန်မြူးနစ်နှင့် ဆွစ်ဇာလန်ကလပ် ဘေဆယ်တို့ပွဲတွင် ဘိုင်ယန်မြူးနစ်က ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အတွက် ဂိုးများကို ပွဲချိန် ၁၁ မိနစ်နှင့် ၈၁ မိနစ်တို့၌ ရော်ဘင်က တစ်ဦးတည်းနှစ်ဂိုးသွင်းပြီး ၄၂ မိနစ်၌ မူလာက တစ်ဂိုး သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၄၄ မိနစ်၊ မိနစ် ၅၀၊ ၆၁ မိနစ်၊ ၆၇ မိနစ်တို့တွင် ဂိုမက်ဇ်တစ်ဦးတည်း လေးဂိုး ဆက်တိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲဘိုင်ယန်မြူးနစ်တို့ အနိုင်ရရှိသဖြင့် နှစ်ကျော့ပေါင်းရလဒ် ခုနစ်ဂိုး- တစ်ဂိုးဖြင့် နောက်တစ်ဆင့် တက်ရောက်ခဲ့ပြီဖြစ်သည်။

ထို့အတူ အီတလီနိုင်ငံ မီလန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့သည့် အင်တာမီလန်နှင့် မာဆေးလ်တို့ပွဲတွင် အင်တာမီလန်က နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းမှ ဂိုမက်ဇ်က ဘေဆယ်အသင်း ဂိုးဧရိယာအတွင်း ဤသို့ အနီးကပ် ဂိုးသွင်းယူခဲ့သည်။

အင်တာမီလန်တို့ ယခုပွဲ အနိုင်ရရှိခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုးစီဖြစ်ပြီး အဝေးကွင်းသွင်းဂိုးအရ မာဆေးလ်က ချန်ပီယံလိဂ် နောက်တစ်ဆင့် တက်ရောက်သွားပြီဖြစ်သည်။

(အင်တာနက်)

ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ် ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့

➤ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➤

တိုကျို မတ် ၁၄

ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းအရှေ့ဘက်ကမ်းလွန်တွင် မတ် ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၉ မိနစ်က ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ အင်အားပြင်းငလျင်လှုပ်သွားကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက သတင်းထုတ်ပြန်သည်။

အဆိုပါငလျင်ကြောင့် အိုမိုရီနှင့် အိုင်ဝါတီမြို့ အရှေ့မြောက်ဘက် ကမ်းရိုးတန်းဒေသများတွင် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက သတိပေးချက်ထုတ်ပြန်ထားသည်။

ထိုသို့ ဆူနာမီသတိပေးချက် ထုတ်ပြန်ပြီးနောက် ၎င်းကမ်းရိုးတန်းဒေသနေပြည်သူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ သို့သော် ယင်းနေ့ ဒေသစံတော်ချိန် ည ၇ နာရီ မိနစ် ၄၀ ခန့်၌ ဆူနာမီသတိပေးချက် ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း၊ ငလျင်ကြောင့် ဆူနာမီလှိုင်းများမှာ ၂၀ စင်တီမီတာ အမြင့်အထိသာ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

အဆိုပါ ငလျင်ဗဟိုမှာ ဟွန်ရှူးကျွန်း၏ အရှေ့လောင်ဂျီတွဒ် ၁၄၅ ဒသမ ၂၀၀၀ ဒီဂရီနှင့် မြောက်လတ္တီတွဒ် ၄၀ ဒသမ ၇၀၀၀ ဒီဂရီအကြား ရေအောက်အနက် ၁၀ ကီလိုမီတာခန့်၌ ဗဟိုပြု၍ လှုပ်သွားခဲ့ခြင်းဖြစ်သည်။ ယင်းငလျင်လှုပ်ပြီးမကြာမီ တိုကျိုမြို့အရှေ့ဘက်ကမ်းလွန်၌ ရစ်ချ်တာစကေး ၆ ဒသမ ၁ ရှိ ငလျင်လှုပ်ခဲ့သည်။ ထိုသို့ ငလျင်လှုပ်မှုကြောင့် ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ကျည်ဆန်ရထားပြေးဆွဲမှုများ ခေတ္တရပ်ဆိုင်းခဲ့ရသည်။ တစ်ဖန် တိုကျိုမြို့ရှိ နာရီတာလေဆိပ်ကိုလည်း ခေတ္တပိတ်ခဲ့ရသည်ဟု သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

အင်အားပြင်း မြေငလျင် တစ်ခုလှုပ်

နေပြည်တော် မတ် ၁၄

ယနေ့ ညနေ ၃ နာရီ ၄၇ မိနစ် ၀၁ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၃၃၃၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ဂျပန်နိုင်ငံ၊ ဟွန်ရှူးကျွန်း၏ အရှေ့ဘက်ကမ်းခြေဒေသ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**